# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၂ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၉ |
| ၄ | ကနီမြို့နယ်၊ တဇယ်ချောင်ကျေးရွာအုပ်စုအတွင်း မင်းဝံတံခွန်သတ္တုတူးဖော်ရေးကုမ္ပဏီမှ အလတ်စား ခဲတ်သတ္တုတူးဖော်ရေး လျှောက်ထားလျက်ရှိရာ ၎င်းနေရာတွင်မူလတောင်သူ ၁၇ ဦးပိုင်မြေများပါဝင်နေသဖြင့် မည်သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၅ | ဒိုက်ဦးမြို့နယ်၊ ဘုရားကြီးကွင်းကျေးရွာအုပ်စုရှိ မိုးယွန်းကြီးအင်းမြောက်ကျောင်းလမ်းမှ အမြန်လမ်းမိုင်တိုင်(၅၂/၃)အထိရှိသော သစ်ထုတ်လုပ်ရေးလမ်းမကြီးအား ကွန်ကရစ်လမ်းခင်း ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၆ | ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပြီး ဝါးစိုက်ခင်းများအခြေအနေကို ရှင်းလင်းချပြရန်နှင့် ဝါးစိုက်ပျိုး ဆောင်ရွက်လိုသူများအတွက် နိုင်ငံတော်မှ မည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၇ | ကျောက်မျက်အရောင်းဆိုင်နယ်မြေ အသက်ဝင်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် သက်ဆိုင်ရာက မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၈ |
| ၈ | ဂန့်ဂေါမြို့နယ်တွင် သစ်ထုတ်လုပ်ရေးဆင် အကောင်ရေ ၁၀၀ ခန့်၏ ကျက်စားရာနေရာ(habitat)၌ ကုမ္ပဏီနှစ်ခုအား ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခွင့်ပြုထားခြင်းကြောင့် ၎င်းဆင်များအတွက် (habitat)ကို မထိပါးစေရန်စီစဉ်ဆောင်ရွက်ထားခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၂ |

| | | |
|---|---|---|
| ၉ | ကြံခင်းမြို့နယ် မြောက်မြန်အောင်ကြိုးဝိုင်း၊ ကွင်းအမှတ် (၂၅) နှင့်(၂၆)အတွင်းရှိ ပျိုးပင်များ ရေလောင်းရန်အတွက် ရေသယ်ယာဉ်တစ်စီး ထောက်ပံ့ပေးရန်နှင့် ဝန်ထမ်း၊ ပြည်သူများအတွက် လိုအပ်နေသော ပေ ၁၇၀၀၀ ရှိ လမ်းပိုင်းအား ဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၄၀ |
| ၁၀ | ပေါင်မြို့နယ်၊ သဲဖြူကုန်း မြေပြိုမှုဖြစ်စေသည့် အကြောင်းအရင်းကို သက်ဆိုင်ရာ ပြည်ထောင်စု အစိုးရဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄၅ |
| ၁၁ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၇၃ |

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# (၂၂-၁၁-၂၀၁၉)(သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း-

(က) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ကနီမြို့နယ်၊ တဇယ်ချောင် ကျေးရွာအုပ်စုအတွင်း မင်းဝံတံခွန် သတ္တုတူးဖော်ရေးကုမ္ပဏီမှ အလတ်စား ဓာတ်သတ္တုတူးဖော်ရေး လျှောက်ထားလျက်ရှိရာ ၎င်းနေရာတွင် မူလ တောင်သူ (၁၇) ဦးပိုင် မြေများ ပါဝင်နေသဖြင့် မည်သို့ဆက်လက် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ်၊ ဘုရားကြီးကွင်း ကျေးရွာအုပ်စုရှိ မိုးယွန်းကြီးအင်း မြောက်ကျောင်းလမ်းမှ အမြန်လမ်း မိုင်တိုင် (၅၂/၃) အထိရှိသော သစ်ထုတ်လုပ်ရေး လမ်းမကြီးအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပြီး ဝါးစိုက်ခင်းများအခြေအနေကို ရှင်းလင်းချပြရန်နှင့် ဝါးစိုက်ပျိုးဆောင်ရွက်လိုသူများအတွက် နိုင်ငံတော်မှမည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **ကျောက်မျက်အရောင်းဆိုင် နယ်မြေအသက်ဝင်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် သက်ဆိုင်ရာက မည်သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **ဂန့်ဂေါမြို့နယ်တွင် သစ်ထုတ်လုပ်ရေး ဆင်အကောင် ၁၀၀ ခန့်၏ ကျက်စားရာနေရာ (habitat) ၌ ကုမ္ပဏီ (၂) ခုအား ကျောက်မီးသွေး တူးဖော်ထုတ်လုပ်ခွင့်ပြုထားခြင်းကြောင့် ၎င်းဆင်များအတွက် (habitat) ကို မထိပါးစေရန် စီစဉ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ ကို သိလိုခြင်း** စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဦးထွန်းလင်းမော်၊ ကြံခင်း မဲဆန္ဒနယ်၏ **ကြံခင်းမြို့နယ်၊ မြောက်မြန်အောင်ကြိုးဝိုင်း၊ ကွင်းအမှတ် (၂၅) နှင့် (၂၆) အတွင်းရှိ ပျိုးပင်များ ရေလောင်းရန်အတွက် ရေသယ်ယာဉ် (၁) စီး ထောက်ပံ့ပေးရန်နှင့် ဝန်ထမ်း၊ ပြည်သူများအတွက် လိုအပ်နေသော ပေ ၁၇၀၀၀ ရှိ လမ်းပိုင်းအား ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၏ **ပေါင်မြို့နယ်၊ သဲဖြူကုန်း မြေပြိုမှု ဖြစ်စေသည့် အကြောင်းအရင်းကို သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဥ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဥ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဥ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**ဆဋ္ဌမနေ့မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**

**(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦးရှိသည့်အနက် ၃၂၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၅.၉၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းငွေလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးသောင်းငွေလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၂ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၂၈ ဦး ရှိကာ ယနေ့ခွင့်ပန်ကြားသူ ၈၉ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၂) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၃) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊

(၄) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၅) မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင် ခွင့် ၁ ရက်၊

(၆) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၁ ရက်၊

(၇) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၈ ရက်၊

(၈) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်၊

(၉) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၁ ရက်၊

(၁၀) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ခွင့် ၁ ရက်၊

(၁၁) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၂) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်ခွင့် ၁ ရက်၊

(၁၃) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၁၄) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၁၅) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊

(၁၆) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၁၇) ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး ခွင့် ၁ ရက်၊

(၁၈) မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း ခွင့် ၁ ရက်၊

(၁၉) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၂၀) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊

(၂၁) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၂၂) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၇ ရက်၊

(၂၃) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊

(၂၄) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင် ခွင့် ၁ ရက်၊

(၂၅) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၁ ရက်၊

(၂၆) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊

(၂၇) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်၊

(၂၈) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၁ ရက်၊

(၂၉) ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း ခွင့် ၁ ရက်၊

(၃၀) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၃၁) မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း ခွင့် ၁ ရက်၊

(၃၂) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် ခွင့် ၁ ရက်၊

(၃၃) တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေး ခွင့် ၁ ရက်၊

(၃၄) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၁ ရက်၊

(၃၅) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၁ ရက်၊

(၃၆) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၃၇) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် ၁ ရက်၊

(၃၈) မြောင်မဲဆန္ဒနယ်မှ ဦးငွေးငွေ ခွင့် ၁ ရက်၊

(၃၉) အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ခွင့် ၁ ရက်၊

(၄၀) ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊

(၄၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၄၂) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၄၃) မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ခွင့် ၁ ရက်၊

(၄၄) အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း ခွင့် ၁ ရက်၊

(၄၅) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၄၆) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၄၇) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၁ ရက်၊

(၄၈) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၂၉ ရက်၊

(၄၉) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁ ရက်၊

(၅၀) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊

(၅၁) ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ခွင့် ၁ ရက်၊

(၅၂) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်၊

(၅၃) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊

(၅၄) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၁ ရက်၊

(၅၅) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၁ ရက်၊

(၅၆) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊

(၅၇) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၅၈) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ခ)ဆလိုင်းရန်းဗယ် ခွင့် ၁ ရက်၊

(၅၉) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊

(၆၀) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း ခွင့် ၁ ရက်၊

(၆၁) ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့် ခွင့် ၁ ရက်၊

(၆၂) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၆၃) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ခွင့် ၁ ရက်၊

(၆၄) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၆၅) ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၆၆) ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၆၇) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ခွင့် ၁ ရက်၊

(၆၈) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၆၉) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊

(၇၀) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ခွင့် ၁ ရက်၊

(၇၁) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊

(၇၂) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်လင်းမှ ခွင့် ၁ ရက်၊

(၇၃) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦးမှ ခွင့် ၁ ရက်၊

(၇၄) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှနိုင်မှ ခွင့် ၁ ရက်၊

(၇၅) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်စန်းလင်းမှ ခွင့် ၁ ရက်၊

(၇၆) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၇၇) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၁ ရက်၊

(၇၈) ကဝမဲဆန္ဒနယ်မှ ဦးလှသန်း ခွင့် ၁ ရက်၊

(၇၉) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊

(၈၀) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ခွင့် ၁ ရက်၊

(၈၁) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင်ခွင့် ၁ ရက်၊

(၈၂) ရွှေကူမဲဆန္ဒနယ်မှ ဦးဇော်နည်မင်း ခွင့် ၁ ရက်၊

(၈၃) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၈၄) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် ခွင့် ၁ ရက်၊

(၈၅) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၁ ရက်၊

(၈၆) လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ခွင့် ၁ ရက်၊

(၈၇) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်

(၈၈) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်နှင့်

(၈၉) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၈၉ ဦး၊ စုစုပေါင်း ခွင့်ပန်ကြားသူ ၁၀၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏

ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၈၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၁၀၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကနီမြို့နယ်၊ တဇယ်ချောင်ကျေးရွာအုပ်စုအတွင်း မင်းဝံတံခွန်သတ္တုတူးဖော်ရေးကုမ္ပဏီမှ အလတ်စား ဓာတ်သတ္တုတူးဖော်ရေး လျှောက်ထားလျက်ရှိရာ ၎င်းနေရာတွင်မူလတောင်သူ ၁၇ ဦးပိုင်မြေများ ပါဝင်နေသဖြင့် မည်သို့ဆက်လက်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ **။ပထမဦးစွာ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။**

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တင်ပြလိုတာက တော့ ကနီမြို့နယ်၊ တဇယ်ချောင်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၁၂၉၅)ရှိ တောင်သူ ၁၇ ဦး ပိုင်ဆိုင်ခဲ့သောမြေဧက ၄၈ ကေခန့်အား ၂၀၁၂ ခုနှစ်မှာ မင်းဝံတံခွန်ကုမ္ပဏီမှ ဒေသအာဏာပိုင်များ နှင့်ပေါင်းပြီးတော့ တောင်သူများအပေါ် ဖိအားပေးကာ ယာမြေလွှဲပြောင်းခြင်းကတိစာချုပ်များ ချုပ်ဆို၍သော်လည်းကောင်း၊ ချုပ်ဆိုခြင်းမရှိဘဲနဲ့သော်လည်းကောင်း၊ ဓာတ်သတ္တုတူးဖော်ခြင်း လုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြပါတယ်။ ထိုသို့လုပ်ကိုင်ကြရာမှာ တရားဝင်လုပ်ကွက် ခွင့်ပြုထားခြင်း မရှိဘဲ နိုင်ငံခြားသားများနှင့်ပါ ဓာတ်သတ္တုရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက် ခဲ့ကြတဲ့ အခါမှာ ၂၀၁၃ ခုနှစ်မှာ ဒေသခံများက မီဒီယာများမှတစ်ဆင့် ထုတ်ဖော်ကန့်ကွက်မှုများ

ကြောင့် တရားမဝင်လုပ်ကိုင်ခဲ့သောနိုင်ငံခြားသားများ ထွက်သွားကြတဲ့အပြင် လုပ်ငန်းများပါ ရပ်ဆိုင်းသွားခဲ့ပါတယ်။

မင်းဝံတံခွန်ကုမ္ပဏီမှ လုပ်ငန်းများဆက်လက်လုပ်ကိုင်နိုင်ရေး ကြိုးစားလျက်ရှိရာ တောင်သူ ၁၇ ဦးအနက် တချို့မှာ ယခင်က အတင်းအကျပ်ဖိအားပေးခံရကာ ချုပ်ဆိုခဲ့သောယာမြေလွှဲပြောင်းခြင်းကတိစာချုပ်များအား တောင်သူများမှ ဖျက်သိမ်းလာရေးအတွက် ၂၀၁၆ ခုနှစ်မှာ နှစ်နှစ်သက်တမ်းရှိတဲ့မြေငှားရမ်းခြင်းကတိစာချုပ်များကို ကုမ္ပဏီနှင့် တောင်သူများထပ်မံ၍ စာချုပ်ချုပ်ဆိုခဲ့ကြပါတယ်။ မြေငှားစာချုပ်ပါစည်းကမ်းချက်များအရ စာချုပ်သက်တမ်း နှစ်နှစ်ပြည့်သည့် ၃၀-၆-၂၀၁၈ ရက်နေ့နောက်မှာ မြေပြန်ညှိပြီးတော့ မြေတွေကို ပြန်အပ်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလို ဆောင်ရွက်ပေးခဲ့ခြင်းမရှိပါဘူး။ ၂၀၁၂ ခုနှစ်မှ အခုအချိန်ထိစာချုပ်အမျိုးမျိုးနှင့် လုံးခြာရိုက်နေတဲ့ ပြဿနာတွေဖြစ်နေတဲ့အတွက် ပုံစံ(၇)မပေါက်သေးတဲ့အပေါ်မှာ ကုမ္ပဏီပေါ်မှ အခွင့်ကောင်းယူလျက် မူလတောင်သူ ၁၇ ဦးပိုင်ရာမြေများအပေါ်မှာ ခာတ်သတ္တုတူးဖော်ထုတ်လုပ်ခွင့်များ တရားဝင်ရရှိရေးလျှောက်ထားလျက်ရှိကြောင်း သိရှိရပါတယ်။ ယင်းကိစ္စနှင့်စပ်လျဉ်းပြီးတော့ သက်ဆိုင်ရာတောင်သူများမှလည်း မြေငှားစာချုပ်ပါစည်းကမ်းချက်များနှင့်အညီ မြေပြန်လည်ရရှိလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်ထံတင်ပြထားပြီးဖြစ်သလို ပုံစံ(၇)ရှိရေးအတွက်လည်း လျှောက်ထားကြပြီးဖြစ်ပါတယ်။ Power Point နဲ့တင်ပြခွင့်ပြုဖို့ တောင်းဆိုအပ်ပါတယ်ခင်ဗျား။

ဒီပုံကတော့ ၂၀၁၂ ခုနှစ်က တောင်သူနှင့်ကုမ္ပဏီကြား ယာမြေလွှဲပြောင်းခြင်းကတိစာချုပ်ဖြစ်ပါတယ်။ ဒီပုံကတော့ ၂၀၁၆ ခုနှစ်မှာ တောင်သူနှင့်ကုမ္ပဏီကြားပြင်ဆင်ချုပ်ဆိုခဲ့တဲ့ မြေငှားစာချုပ်ဖြစ်ပြီးတော့ ၃၀-၆-၂၀၁၈ ရက်နေ့မှာ သက်တမ်းပြီးခဲ့ပြီးဖြစ်ပါတယ်။ ဒီပုံကတော့ တရားဝင်လုပ်ကွက်ခွင့်ပြုမိန့်မရှိဘဲနဲ့ ကုမ္ပဏီရဲ့မကျူးကျော်ရဆိုတဲ့ဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒီပုံကတော့ တရားမဝင်လုပ်ခဲ့စဉ်က ကုမ္ပဏီဝန်ထမ်းများနေထိုင်ခဲ့တဲ့အဆောက်အအုံ ဖြစ်ပါတယ်။ ဒီပုံကတော့

ကုမ္ပဏီမှ ခတ်သတ္တုတူးဖော်လျှောက်ထားဧရိယာအတွင်းရှိ ပုံစံ(၇)မရသေးတဲ့မြေတွေ ဖြစ်ပြီးတော့ အနောက်ကထန်းပင်တွေ၊ ဆီးပင်တွေကိုကြည့်လို့ရှိရင် ဒီမြေယာတွေရဲ့သက်တမ်းကို ခန့်မှန်းလို့ ရနိုင်မှာဖြစ်ပါတယ်။ ဒါကလည်း ကုမ္ပဏီလျှောက်ထားတဲ့ ဧရိယာအတွင်းရှိထွန်ယက် ထားတဲ့ ယာမြေတွေဖြစ်ပါတယ်။ ဒါကတော့ ကုမ္ပဏီက ယခင်လုပ်ခဲ့တဲ့နေရာဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၂-၂၀၁၃ ခုနှစ်ကတည်းက ကုမ္ပဏီက ရွှေမျောတိုက်လို့ဖြစ်နေတဲ့ ကျင်းတွေ၊ ချိုင့်တွေဖြစ် ပါတယ်။ ယခုကဲ့သို့ မူလလက်ရှိလက်ငုတ် တောင်သူများရှိနေသည့်အပြင် တင်ပြပါပြဿနာများ ကြောင့် ပုံစံ(၇)မရရှိခဲ့ကြတဲ့တောင်သူများအပေါ် အခွင့်ကောင်းယူလျက် ကုမ္ပဏီဘက်မှ ခတ်သတ္တု လုပ်ကွက်လျှောက်ထားနေကြောင်းသိရှိရသဖြင့် ကျွန်တော်မေးမြန်းလိုတာကတော့ ကနီမြို့နယ်၊ တဇယ်ချောင်ကျေးရွာအုပ်စု အကွက်အမှတ်(၁၂၉၅)တွင်ရှိသော မူလတောင်သူ ၁၇ ဦးပိုင် မြေယာ ၄၈ ဧကပေါ်တွင် မင်းဝံတံခွန်သတ္တုတူးဖော်ရေးကုမ္ပဏီမှ အလတ်စားခတ်သတ္တုတူးဖော်ရေး လျှောက်ထားလျက်ရှိရာ ၎င်းနေရာအတွင်း မူလတောင်သူ ၁၇ ဦး၏မြေများပါဝင်နေသဖြင့် မည်သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြား ရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများ မင်္ဂလာနံနက်ခင်းပါဟု ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်ဂါရဝပြု အပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးထွန်းထွန်းနိုင်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကျွန်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကနီမြို့နယ်၊ တဇယ်ချောင်ကျေးရွာအုပ်စုအတွင်း မင်းဝံတံခွန်ကုမ္ပဏီက အလတ်စား ခဲတတ်သတ္တုတူးဖော်ရန် လျှောက်ထားလျက်ရှိတဲ့မြေဧရိယာများဟာ တဇယ်ချောင်ကျေးရွာအုပ်စု အကွက်အမှတ်(၁၂၉၅)အတွင်းမှာရှိတဲ့ တောင်သူပေါင်း ၁၄ ဦး၊ ဦးပိုင် ၁၄ ခုရဲ့ ယာမြေ ၃၇.၉၁ ဧကနဲ့ မြေရိုင်း ၃.၅၁ ဧက စုစုပေါင်း ၄၁.၄၂ ဧကမြေဖြစ်ပါတယ်။ အဆိုပါမြေများကို ၁၁-၃-၂၀၁၂ ရက်နေ့ မှာ မင်းဝံတံခွန်သတ္တုတူးဖော်ရေးကုမ္ပဏီနဲ့ တောင်သူတို့ နှစ်ဖက်သဘောတူညီမှုနဲ့ သုံးနှစ်အတွက် တစ်ဧကလျှင် မြေငှားရမ်းခ ကျပ်ရှစ်သိန်းနှုန်းနဲ့ မင်းဝံတံခွန်ကုမ္ပဏီက မြေငှားရမ်းခပေးပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ မင်းဝံတံခွန်ကုမ္ပဏီက တောင်သူများနဲ့ထပ်မံညှိနှိုင်းကာ အဆိုပါ မြေကို တစ်ဧကလျှင် မြေငှားရမ်းခ ၁၅၀၀၀၀ ကျပ်နှုန်းနဲ့ ၃၀-၆-၂၀၁၆ ရက်နေ့ကနေပြီးတော့မှ ၃၀-၆-၂၀၁၈ ရက်နေ့အထိ နှစ်နှစ်အတွက် မြေငှားရမ်းခ ပေးပြီး ထပ်မံစာချုပ်ချုပ်ခဲ့ပါတယ်။

ကုမ္ပဏီအနေနဲ့ ၎င်းနှစ်မှာ လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိဘဲ တောင်သူ ၁၄ ဦးအနက် ကိုးဦးက ၎င်းတို့ရဲ့မြေများအတွင်း ပြန်လည်လုပ်ကိုင်နိုင်သောနေရာများမှာ ဝင်ရောက်လုပ်ကိုင် ခဲ့ကြပါတယ်။ ကုမ္ပဏီအနေနဲ့ စာချုပ်သက်တမ်းပြည့်ပြီးဖြစ်သော်လည်း အချို့နေရာများမှာ တောင်သူများက ပြန်လည်လုပ်ကိုင်နိုင်ခြင်းမရှိသဖြင့် ကုမ္ပဏီက စာချုပ်ပါအတိုင်း ပြန်လည် ဆောင်ရွက်ပေးနိုင်ခြင်းမရှိတဲ့အတွက် ပြဿနာဖြစ်ပွားရခြင်းဖြစ်ပါတယ်။ မင်းဝံတံခွန်ကုမ္ပဏီ အနေနဲ့ အဆိုပါမြေများနဲ့ပတ်သက်ပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနဲ့အညီ လယ်ယာမြေ

အခြားနည်းအသုံးပြုခွင့်လျှောက်ထားခြင်းမရှိသဖြင့် ကုမ္ပဏီက စာချုပ်ပါစည်းကမ်းများ ဖောက်ဖျက်ခြင်းအပေါ် မကျေနပ်ပါက တောင်သူများအနေနဲ့ သက်ဆိုင်ရာဥပဒေနဲ့အညီ ဆောင်ရွက် သင့်ပါတယ်။ လက်ရှိအနေနဲ့ မင်းဝံတံခွန်ကုမ္ပဏီက ကနီမြို့နယ်၊ တဇယ်ချောင် ကျေးရွာအုပ်စု အတွင်း မြေဧရိယာ ဧက ၂၀ မှာ ရွှေသတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနဲ့ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းနှင့် အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် အဆိုပြုလျှောက်ထားခဲ့ခြင်းအပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန က ၂၉-၄-၂၀၁၉ ရက်စွဲပါစာဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မြေစာရင်းပုံစံ ကူးယူခွင့်ပေးပါရန်နှင့် သဘောထားမှတ်ချက်ပြန်ကြားပေးနိုင်ပါရန် အကြောင်းကြား ထားရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဝန်ကြီးဌာနရဲ့ ညှိနှိုင်းချက်အပေါ် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တိုင်းဒေသကြီးသတ္တုတွင်းဦးစီးဌာန၊ ဒုတိယ အထွေထွေမန်နေဂျာ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ကနီမြို့နယ်စီမံခန့်ခွဲမှုကော်မတီသို့ မြေပြင် ကွင်းဆင်းစစ်ဆေးတင်ပြရန် အကြောင်းကြားထားပါတယ်။ ဌာနဆိုင်ရာအသီးသီးရဲ့ စိစစ်တင်ပြ ချက်များရရှိမှသာ တိုင်းဒေသကြီးအစိုးရအဖွဲ့ (Cabinet) အစည်းအဝေးသို့ တင်ပြဆွေးနွေးကာ လွတ်ကင်းတဲ့ဧရိယာကိုသာ လုပ်ငန်းဆောင်ရွက်ခွင့်ဆောင်ရွက်နိုင်ရန် သဘောထားမှတ်ချက်ပေး နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနဲ့ လက်ရှိအခြေအနေမှာ စိစစ်ဆဲသာ ဖြစ်ပြီးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တစ်စုံတစ်ရာပေးပို့ရခြင်းမရှိသေးပါကြောင်း စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားထားပါတယ်။

သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ကနီမြို့နယ်၊ တဇယ်ချောင်ကျေးရွာအုပ်စု မှာ မင်းဝံတံခွန်သတ္တုတူးဖော်ရေးကုမ္ပဏီက ခဲတ်သတ္တုစမ်းသပ်တိုင်းတာရေး လျှောက်ထားမှု

အပေါ်မှာ တိုင်းဒေသကြီးအဖွဲ့ရဲ့ သဘောထားမှတ်ချက်၌ မြေယာပိုင်ဆိုင်မှု အရှုပ်အရှင်းများကြောင့် လွတ်ကင်းမှုမရှိသဖြင့် ခာတ်သတ္တုရှာဖွေတူးဖော်ရန်မသင့်၍ သဘောမတူပါကြောင်း ပြန်ကြား လာပါက ဝန်ကြီးဌာနမှလည်း ဆောင်ရွက်ခွင့်ပြုမည်မဟုတ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်နားလည် သလောက်ဆိုရင် ဒုတိယဝန်ကြီးဖြေသွားတဲ့ကိစ္စက တိုင်းဒေသကြီးအစိုးရရဲ့ သဘောထားမှတ်ချက် ပေါ်မှာမူတည်နေတယ်လို့ ကျွန်တော်နားလည်ပါတယ်။ ကျွန်တော် စောစောကတင်ပြသလို စာချုပ်တွေလည်းရှိပါတယ်။ စာချုပ်အရဆိုရင် သက်တမ်းလည်းပြည့်သွားပြီ။ နောက်ပြီးတော့ မူလတောင်သူတွေကလည်းရှိနေတယ်။ ဒါပေမဲ့ ဒီပြဿနာတွေကြောင့် ပုံစံ(၇)မရှိဘူး။ ပုံစံ(၇) မရှိတဲ့ပေါ်မှာမှ တိုင်းဒေသကြီးအစိုးရက သဘောထားမှတ်ချက်တစ်စုံတစ်ရာ လွဲသွားခဲ့ရင် ကျွန်တော်တို့တောင်သူတွေအတွက် များစွာနစ်နာမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ခုနက တင်ပြခဲ့သလို ဒီယာမြေတွေဟာ ပုံထဲမှာလည်းတင်ပြထားပါတယ်။ ထန်းပင်တွေ၊ ဆီးပင်တွေ အင်မတန်မှ ကျွန်တော်တို့ရဲ့အသက်ထက်တောင်ကြီးနေတဲ့အပင်တွေရှိပါတယ်။ အဲဒီတော့ ဒီကိစ္စ မှာ ရှင်းရှင်းလင်းလင်းဖြစ်ဖို့လိုမှာ ဖြစ်ပါတယ်။ အဲဒီတော့ မူလတောင်သူတွေရှိနေတယ်။ တချို့ နေရာတွေကလည်း စိုက်ပျိုးလို့မရဘူးဆိုတာက ကုမ္ပဏီတွေကလုပ်လိုက်တဲ့အတွက် ကျင်းတွေ၊ ချိုင့်တွေဖြစ်သွားလို့ စိုက်ပျိုးလို့မရတော့တဲ့အနေအထားတွေဖြစ်သွားတဲ့အပိုင်းတွေလည်း ရှိပါ တယ်။ အဲဒီတော့ မူလတောင်သူတွေရှိနေတဲ့၊ တော်တော်ကြာပြီဖြစ်တဲ့ မူလလက်ရှိလက်ငုတ်တွေ လည်းရှိခဲ့တဲ့ ယခုလည်း တချို့လည်းလုပ်နေတာတွေရှိတဲ့အတွက် ဒါတွေကို ရှင်းရှင်းလင်းလင်း ကျွန်တော်သိချင်ပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့အစိုးရအနေနဲ့ လုပ်ပိုင်ခွင့်လျှောက်ထားတဲ့

အပေါ်မှာ လုံးဝကန့်ကွက်ဖို့ရန်ရှိ/မရှိ ရှင်းရှင်းလင်းလင်း ဒါလေးသိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ သတ္တုတွင်းဥပဒေနဲ့ နည်းဥပဒေများအရ လုပ်ကွက်တွေ လျှောက်ထားပြီဆိုလို့ရှိရင် လုပ်ထုံးလုပ်နည်းအရ တိုင်းဒေသကြီးအစိုးရရဲ့ သဘောထားမှတ်ချက်ကို ရယူရပါတယ်။ တိုင်းဒေသကြီးတစ်ခုအတွင်းမှာ ဖြစ်ပျက်နေတဲ့ မြေယာအရှုပ်အရှင်းတွေရဲ့ ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်တာက တိုင်းဒေသကြီးအစိုးရဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က တိုင်းဒေသကြီးအစိုးရအဖွဲ့က လွတ်ကင်းတယ်ဆိုမှပဲ လုပ်ကွက်ကိုချပေးတာဖြစ်ပါတယ်။ မြေယာအရှုပ်အရှင်းများကြောင့်ဖြစ်တဲ့ကိစ္စကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှာသာ ပြီးပြတ်အောင်ရှင်းလင်းရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း တိုင်းဒေသကြီးအစိုးရက သဘောမှတ်ချက်ရရှိလာရင် တောင်မှ အဲဒီမှာဒေသခံတောင်သူတွေရဲ့ သဘောတူညီချက်ရှိ/မရှိ ဒေသခံသဘောထားမှတ်ချက်ကိုလည်း ကြည့်ပါတယ်။ အဲဒါတွေမရှိဘူးဆိုလို့ရှိရင်တော့ ကျွန်တော်တို့ဝန်ကြီးဌာနကလည်း ခွင့်ပြုမှာမဟုတ်ဘူးဆိုတဲ့အကြောင်းကို ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်များအနေနဲ့ ဆက်စပ်မေးခွန်းမေးတဲ့နေရာမှာ မိမိ မေးလိုတာထက် ဝန်ကြီးဌာနက ဖြေကြားခဲ့တဲ့အပေါ်မှာ မရှင်းလင်းတဲ့ကိစ္စရပ်များအပေါ်မှာသာလျှင် ဆက်စပ်ပြီးမေးမြန်းလို့ရပါတယ်။ မိမိရဲ့ဆန္ဒတစ်ခုတည်းကိုကြည့်ပြီး အခုလိုမေးတဲ့ဟာကျတော့ စောစောက ဒုတိယဝန်ကြီးလည်း ဖြေကြားသွားပါပြီ။ တိုင်းဒေသကြီးရဲ့သဘောထားမှတ်ချက်အပေါ်မူတည်ပြီး ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်းလည်းပါပြီးသား ဖြစ်ပါတယ်။ နောင်မေးမယ့် ဆက်စပ်မေးခွန်းများမှာ ဥပဒေနဲ့အညီမေးမြန်းဖို့ မေတ္တာရပ်ခံလိုပါတယ်။

မူကြမ်း

**ဒိုက်ဦးမြို့နယ်၊ ဘုရားကြီးကွင်းကျေးရွာအုပ်စုရှိ မိုးယွန်းကြီးအင်း မြောက်ကျောင်းလမ်းမှ အမြန်လမ်းမိုင်တိုင်(၅၂/၃)အထိရှိသော သစ်ထုတ်လုပ်ရေးလမ်းမကြီးအား ကွန်ကရစ်လမ်းခင်း ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါ စေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ဒီနေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ မေးမြန်း လိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ဒိုက်ဦးမြို့နယ်၊ ဘုရားကြီးကွင်းကျေးရွာအုပ်စု မိုးယွန်းကြီးအင်း မြောက်ကျောင်းလမ်းမှ အမြန်လမ်းမိုင်တိုင် ၅၂ မိုင် ၃ ဖာလုံအထိရှိသော သစ်ထုတ်လုပ်ရေး လမ်းမကြီးအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်း သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဆိုရင် လမ်းပန်းဆက်သွယ်ရေးဟာ အဓိကအရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ ထို့အတူပဲ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာငယ်မှအစ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့ အများကြီးလိုအပ်လှပါတယ်။ ဒါကြောင့် လက်ရှိဒီမိုကရေစီအစိုးရသစ်လက်ထပ်မှာ လမ်း၊ တံတားများကို အထူးစီမံချက်များ

ရေးဆွဲအကောင်အထည်ဖော်ပြီး ဆောင်ရွက်နေတာကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ရနေတဲ့ အချိန်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်မေးမြန်းတဲ့လမ်းဟာ ဒိုက်ဦးမြို့ရဲ့တောင်ဘက် ၁၆ မိုင်ခန့် အကွာအဝေးမှာရှိပြီး ရန်ကုန်-မန္တလေးကားလမ်းအဟောင်း မိုင်တိုင်(၆၉)မိုင်အနီးတွင် တည်ရှိပြီး ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာအုပ်စု သုံးအိမ်စုကျေးရွာမှာတည်ရှိပါတယ်။ ပျဉ်ပုံကြီးကျေးရွာ ဖလောက်တန်း မိုးယွင်ကြီးအပန်းဖြေနားနေစခန်းမှ ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင် ၅၂ မိုင် ၃ ဖာလုံအထိ ဆက်သွယ်ထားသော လမ်းမကြီးလည်းဖြစ်ပါတယ်။ ထိုလမ်းမကြီးကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ခန့်က န. ဝ. တ၊ န. အ. ဖ အစိုးရလက်ထက်ကတည်းက စတင်ဖောက်လုပ်ခဲ့ပြီး ခြောက်၊ ကိုးလိပ်သည်းကျောက်များဖြင့်ခင်းထားသောကြောင့် လမ်းအမာခံရှိသော လမ်းမကြီးများ လည်းဖြစ်ပါတယ်။ လမ်းဟောင်းနှင့်လမ်းသစ်ဆက်သွယ်ထားသော လမ်းမကြီးဖြစ်ပြီး လမ်းတစ်လျှောက်တွင် ကျေ ိးရွာပေါင်းငါးရွာနှင့် ခ. လ. ရ(၃၀) တပ်ရင်းလည်းရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုလမ်းမကြီးကို ကွန်ကရစ်လမ်းခင်းပေးမည်ဆိုပါက ထိုဒေသများမှာ ရှိတဲ့ ပျဉ်ပုံကြီးကျေးရွာ၊ ဖလောက်တန်း၊ ခင်တန်းရွာမကြီးကျေးရွာ၊ ရဲဘော်ဟောင်းကျေးရွာ၊ ခ. လ.ရ (၃၀)တပ်ရင်း၊ ဘိုတဲလေးကျေးရွာ၊ ဘိုတဲလေးရွာသစ်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တစ်နိုင်ငံလုံးမှာရှိသော အမြန်လမ်းခရီးသွားဧည့်သည်များသည်လည်း ဧက ၂၄၀၀၀ ကျော် ရေပြင် ရှိပြီး တစ်နှစ်လုံးရေမခမ်းတဲ့ သာယာနာပျော်ဖွယ်ကောင်းသော၊ စိတ်ကြည်နူးစရာကောင်းသော မိုးယွင်းကြီးအပန်းဖြေအနားယူစခန်းနှင့် ကျေးငှက်သာရကာပေါင်းစုံရှိသော ဘေးမဲ့တောကို လွယ်လင့်တကူလမ်းသင့်ပြီး ဝင်ရောက်အပန်းဖြေအနားယူနိုင်မှာဖြစ်ပါတယ်။ ယခင်က ပဲခူးရိုးမ သစ်ထုတ်လုပ်ရေးလမ်းမကြီးဖြစ်သော်လည်း ယခုအစိုးရသစ်လက်ထက်တွင် ပဲခူးရိုးမသစ်တောများ ပြန်နိုးတီးမှုကြောင့် ဆယ်နှစ်တာပိတ်ထားသောလမ်းမကြီးလည်းဖြစ်ပါတယ်။ သစ်ထုတ်စဉ်အခါက

၁၅ တန်ခန့်ရှိသော သစ်ကားကြီးများသွားလာထားသောကြောင့် နွေရာသီတွင် ဖုံတလုံးလုံးနှင့် ချိုင့်များဖြစ်ပြီး မိုးရာသီတွင် ရွှံ့များဖြင့်ချော်ပြီး သွားလာ၍မရသော လမ်းမကြီးလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုလမ်းမကြီးကို ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်ကြား နှစ်မြို့နယ်ထိစပ်သော လမ်းမကြီးလည်းဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးကားလမ်းဟောင်းနှင့်လမ်းသစ်ကို ရှစ်မိုင်ကျော် ကိုးမိုင်ခန့်ဖြင့်ဆက်သွယ်ထားသော လမ်းမကြီးဖြစ်ပြီး ထိုလမ်းမကြီးတစ်လျှောက်ကျေးရွာများမှာ လမ်းမကောင်းသောကြောင့် လူမှုဘဝနိမ့်ကျလျက်ရှိနေပါတယ်။ ပညာရေး၊ ကျန်းမာရေးမှအစ လူမှု ဒုက္ခအဝဝကို နှစ်စဉ်နှစ်တိုင်းခံနေရစမြဲ ဖြစ်ပါတယ်။ ထိုလမ်းမကြီးမကောင်းသောကြောင့် ကုန်စည် စီးဆင်းမှုလည်းမကောင်းတော့သလို ကုန်ထုတ်စွမ်းအားစုလည်း မရှိဖြစ်နေပါတယ်။ ဒါကြောင့် ထိုလမ်းမကြီးကို ကွန်ကရစ်လမ်းခင်းပေးမည်ဆိုပါက ဒေသဖွံ့ဖြိုးရေးကိစ္စနှင့် လူမှုရေး၊ ကျန်းမာရေး မှအစ ကုန်စည်စီးဆင်းမှုနှင့် ထုတ်လုပ်မှုကောင်းမွန်ပြီး လူမှုကိစ္စအဝဝ အဆင်ပြေမှာဖြစ်သောကြောင့် နှစ်ရှည်လများလမ်း၏ဆိုးကျိုးများကို ခါးစည်းခံခဲ့ရသော ဒေသခံမဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာဖြင့်မေးမြန်းအပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် မေးမြန်းတဲ့မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်နှင့်စပ်လျဉ်းပြီးတော့မှ ဖြေကြားရမယ်ဆိုရင် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်နှင့်စပ်လျဉ်းပြီး ဒိုက်ဦးမြို့နယ်၊ ဘုရာကြီးကွင်းကျေးရွာအုပ်စုမှာရှိတဲ့ လမ်းမှာမိုးယွန်းကြီးအင်းမြောက်ကျောင်းလမ်းကနေပြီးမှ ဘိုတဲလေးသစ်ဆိပ်အထိ ခုနစ်မိုင်ခန့်ကွာဝေးပြီး ဘိုတဲလေးသစ်ဆိပ်ကနေ အမြန်လမ်းမိုင်တိုင်(၅၂/၃) ထိ ၄.၅ မိုင်ခန့် ကွာဝေးပါတယ်။

၁၉၈၀ ခုနှစ်မှာပွင့်လင်းရာသီ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူလမ်းဦးစီးဌာနကနေပြီးတော့ မိုးယွန်းကြီးအင်းမြောက်ကျောင်းလမ်းကနေ ဘိုတဲလေးသစ်ဆိပ်အထိ ခုနစ်မိုင်ခန့် အကွာအဝေးကို စတစ်လမ်းဖောက်လုပ်ခဲ့ပြီးတော့မှ ကျောက်ခင်းခြင်းလုပ်ငန်းပါ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲခူး(တောင်)သစ်ထုတ်လုပ်ရေးဒေသအတွက် နှစ်စဉ်ရာသီချိန်အတွင်း တောတွင်းသစ်ကွက်များကို သွားရာမှာ သစ်တိုက်ကားလမ်းအဖြစ် ဘိုတဲလေးသစ်ဆိပ်ကနေပြီးတော့ အမြန်လမ်း မိုင်တိုင်(၅၂/၃) အထိ ၄.၅ မိုင် အကွာအဝေးကို မြေသားလမ်းအဆင့်သာ ဖောက်လုပ်အသုံးပြုခဲ့ပြီး ၂၀၁၆ ခုနှစ် သစ်ထုတ်လုပ်ငန်းရပ်နားချိန်အထိသာ အသုံးပြုခဲ့ပါတယ်။ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနသို့ လွှဲအပ်သစ်များ၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ရွေးချယ်ထားသော Export သစ်များ သယ်ယူခြင်းလုပ်ငန်းအတွက် ဘိုတဲလေးသစ်ဆိပ်ကနေ မိုးယွင်းကြီးအင်းမြောက်ကျောင်းလမ်းအပိုင်းအား ၂၀၁၇ ခုနှစ်၊ မတ်လအထိသာ အသုံးပြုခဲ့ပါတယ်။ သစ်ထုတ်လမ်းများမှာ ဒိုဇာဖြင့် သစ်တိုက်ကားသွားနိုင်တဲ့ မြေသားလမ်းအဆင့်သာ သစ်ထုတ်ရေးဌာနမှ ဖောက်လုပ်ခြင်းဖြစ်တဲ့အတွက် အဆိုပါလမ်းအားဌာနက အသုံးမပြုတော့တဲ့ နောက်ပိုင်းမှာ ကွန်ကရစ်ခင်းပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် သက်ဆိုင်ရာ

ဝန်ကြီးဌာနများနှင့်သာ ညှိနှိုင်းဆောင်ရွက်သွားသင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပြီး ဝါးစိုက်ခင်းများအခြေအနေကို ရှင်းလင်းချပြရန်နှင့် ဝါးစိုက်ပျိုး ဆောင်ရွက်လိုသူများအတွက် နိုင်ငံတော်မှ မည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာက ၇-၁၀-၂၀၁၆ ရက်နေ့ အဆိုအဖြစ်နဲ့တင်သွင်းခဲ့တဲ့ ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ်ဖြစ်ထွန်းအောင်မြင်တိုးတက် နိုင်ရေး နိုင်ငံတော်အစိုးရကနေ ဦးဆောင်ပါဝင်ရေးအဆိုနှင့်ပတ်သက်လို့ ၂၈-၂-၂၀၁၇ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးက အတည်ပြုပေးခဲ့ပါတယ်။ လက်ရှိနှစ်နှစ်ကျော်ကာလ ရောက်ရှိ လာပြီဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းခဲ့တဲ့ရည်ရွယ်ချက်က တစ်နိုင်ငံလုံးအနှံ့ဖြစ်ပေါ်နေတဲ့ သစ်တောပြုန်းတီးမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ ရာသီဥတုမမှန်ကန်မှု၊ ဖန်လုံအိမ် ဓာတ်ငွေ့တွေကြောင့် အပူလွန်ကဲလာမှုနှင့် သစ်တောသစ်ပင်ရှားပါးလာမှုကြောင့် ကျေးလက်နေ ပြည်သူများအတွက် နေစရာအိမ်အတွက် တန်ဖိုးနည်းဝါးအိမ် ကျူထရံကာစသည်ဖြင့် အသုံးပြုနိုင် ဖို့အတွက် လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့ တစ်ဖက်ကလည်းပဲ ဝါးကနေ နိုင်ငံခြားငွေရှာဖွေပေး နိုင်ရေး၊ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်တဲ့အခါမှာ ဝါးကအဆင့်မြင့်ထုတ်ကုန်တွေအတွက်

ကုန်ကြမ်းအဆင့်ဖြစ်လာစေရေး၊ စက်ရုံ၊ အလုပ်ရုံများလာသည်နှင့်အမျှ အလုပ်အကိုင်ဖန်တီး ပေးလိုက်နိုင်ပြီးတော့ တစ်ဖက်မှာလည်းပဲ ကာဗွန်ဓာတ်ငွေ့ထုတ်လုပ်မှုတွေများလာနိုင်တဲ့အတွက် လေထုညစ်ညမ်းမှုတွေရှိလာတဲ့အခါမှာ ဝါးပင်ကိုနေရာအနှံ့စိုက်ပျိုးထားခြင်းအားဖြင့် ကာဗွန်စုပ်ယူမှု အားနဲ့ အောက်ဆီဂျင်ထုတ်ပေးနိုင်တဲ့အား အခြားသစ်ပင်များထက်ကို ငါးဆမြင့်မားတဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ပိုမိုကောင်းမွန်လာစေနိုင်မှာဖြစ်ပါတယ်။

ပြီးတော့လည်းပဲ ဝါးပင်က မျှစ်ကိုရရှိတဲ့အတွက်ကြောင့် ကျေးလက်နေပြည်သူများအတွက် မိသားစုဝင်ငွေကိုရရှိနိုင်ဖို့ အလုပ်အကိုင်ကိုလည်းဖန်တီးပေးပြီး မျှစ်ကိုအဆင့်မြင့်စားသုံး ကုန်စည်အဖြစ်နဲ့ ထုတ်လုပ်နိုင်မယ်ဆိုရင် နိုင်ငံခြားငွေရှာပေးနိုင်မှာ ဖြစ်ပါတယ်။ မျှစ်နဲ့ဝါးဟာ အခြားအပင်တွေလို နှစ်ရှည်စောင့်စရာမလိုဘဲနဲ့ အသုံးပြုနိုင်တဲ့အပြင်ကို လူသားတွေအတွက် စားဝတ်နေရေးဆိုတဲ့ အရေးသုံးပါးအပြင် ဆေးဝါး၊ အဝတ်အထည်တွေကိုလည်း ပြုလုပ်နိုင်ပါတယ်။ ဝါးများကို သဘာဝထွက်ရှိမှုအတိုင်း ထုတ်ယူသုံးစွဲနေတဲ့အတွက်ကြောင့် သစ်၊ ဝါးတွေ တဖြည်းဖြည်းရှားပါးလာလို့ ပြန်လည်စိုက်ပျိုးဖို့လိုလာပါတယ်။ ကြီးမြန်အပင်မျိုးဖြစ်လို့ သစ်တော၊ သစ်ပင်စိမ်းလန်းစိုပြည်ဖို့အတွက် လွယ်ကူတာကြောင့် ရာသီဥတုမှန်ကန်လာရေး၊ အပူဒဏ်ကို ကာကွယ်နိုင်ရေး၊ ရေဝေရေလဲထိန်းသိမ်းမှုကောင်းမွန်လို့ သဘာဝအန္တရာယ်တွေနဲ့ ရေရှားပါးမှုကို လည်း ကာကွယ်ပေးနိုင်ပြီးတော့ အရွက်ကြွေအားကောင်းတဲ့အတွက်ကြောင့် မြေဆီလွှာထိန်းသိမ်းမှု လည်းကောင်းမွန်စေပါတယ်။ ဝါးတောများ ပြန်လည်ရှင်သန်ဖြစ်ထွန်းလာတာနဲ့အမျှ သစ်တော၊ သစ်ပင်တွေစိမ်းလန်းစိုပြည်လာပြီးတော့ သစ်တောကိုမှီခိုနေထိုင်ကြတဲ့ တောရိုင်းသတ္တဝါတွေ အတွက် နားခိုစရာနေရာတွေဖြစ်လာနိုင်လို့ ဂေဟစနစ်ကိုလည်း ကောင်းမွန်လို့ အထောက်အကူပြု လာနိုင်မှာဖြစ်ပါတယ်။

ဝါးအဆင့်မြင့်ထုတ်ကုန်နှင့်ပတ်သက်လို့ ကျွန်တော်ကို Power Point သုံးခွင့်ပြုဖို့တောင်းခံအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့မြို့နယ်မှာ ဦးစီးဌာနကနေပြီးတော့ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးက ဦးစီးပြီးတော့ ဆောင်ရွက်ပေးတဲ့ ဝါးအဆင့်မြင့်ထုတ်ကုန်လေးတွေ ထုတ်တဲ့သင်တန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍအလိုက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပြီး ဝါးစိုက်ခင်းများအခြေအနေကို ရှင်းလင်းချပြနိုင်ခြင်းရှိ/မရှိနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေး တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ၊ ကုမ္ပဏီများအနေနှင့်ဖြစ်စေ ဝါးစိုက်ပျိုးဆောင်ရွက်လိုသူတွေအတွက် နိုင်ငံတော်က မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို မေးမြန်းတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော် ရဲမြင့်ဆွေ ဒုတိယဝန်ကြီးက ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရှိ သစ်တောများအတွင်းမှာ သစ်ပင်နှင့်ဝါးပင်များဟာ သဘာဝအလျောက် ရောနှောပေါက်လျက်ရှိပြီး ဂေဟစနစ်အားဖြင့် အပြန်အလှန်အကျိုးပြုလျက်ရှိပါတယ်။ အပူချိန် ရှစ်ဒီဂရီစင်တီဂရိတ်မှ ၃၆ ဒီဂရီ

စင်တီဂရိတ်နှင့် မိုးရေချိန် ၄၇ လက်မကနေ ၁၅၇ လက်မအတွင်းဒေသများမှာ သဘာဝအလျောက် ဝါးပေါက်ရောက်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ရိုးမရှိသစ်တောများမှာ ကရင်ဝါးမျိုးများ တစ်ဆက်တစ်စပ်တည်း ကျယ်ကျယ်ပြန့်ပြန့် ပေါက်ရောက်တတ်ပြီးတော့မှ ရွက်ပြတ်ရောနှောတော များမှာတော့ ကြက်သောင်းဝါး၊ မျှင်ဝါး၊ တင်းဝါး၊ ဝါးဖြူစတဲ့ ဝါးမျိုးများနှင့် ကျွန်းပင်များရောနှော ပေါက်လေ့ရှိပါတယ်။ ဒီရေတောများမှာတော့ သဘာဝအလျောက် ဝါးမပေါက်ရောက်ပါ။ သဘာဝ ဝါးတောများမှာ နှစ်စဉ်တစ်နေရာတည်းမှာခုတ်ယူသုံးစွဲခြင်း၊ စနစ်တကျ ဝါးခုတ်ယူမှုမရှိခြင်း၊ တစ်နှစ်ပတ်လုံးခုတ်ယူခြင်းနှင့် မျှစ်အလွန်အကျွံချိုးယူခြင်းတို့ကြောင့် ဝါးရဲ့အရည်အသွေးနဲ့ အရေ အတွက် ကျဆင်းလာတဲ့အတွက် သစ်တောဦးစီးဌာနအနေနဲ့ ဝါးသယံဇာတများ ရေရှည်တည်တံ့ ပြီးတော့ စဉ်ဆက်မပြတ် သုံးစွဲနိုင်ရန်အတွက် သဘာဝဝါးတောများကို စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ သစ်တောနယ်မြေများမှာ စီးပွားဖြစ်ပုဂ္ဂလိက ဝါးစိုက်ခင်းများ တည်ထောင်ရန်အတွက် တစ်ဦးချင်း ဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ၊ ကုမ္ပဏီများအနေနှင့်ဖြစ်စေ ဝါးစိုက်ပျိုးမှုဆောင်ရွက်လိုသူများ အတွက် ခွင့်ပြုပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ ဒီ Power Point ပုံကတော့ နှစ်အလိုက်ဝါးထုတ်ယူသုံးစွဲမှုအခြေအနေနဲ့ အခွန်ငွေရရှိမှုအခြေအနေပဲဖြစ်ပါတယ်။ သဘာဝဝါးတောများ ရေရှည်တည်တံ့ဖို့အတွက် ဒေသခံ ပြည်သူများက စနစ်တကျထုတ်ယူသုံးစွဲနိုင်ဖို့ ရည်ရွယ်ပြီးတော့မှ ကနဦးဝါးအခြေပြု ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောရှေ့ပြေးစီမံကိန်းကို ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ မင်းလှမြို့နယ်၊ အုတ်ဖိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ်တွေမှာ အဖွဲ့ဝင် ၃၅၅ ဦးပါဝင်တဲ့ အသုံးပြုသူအစုအဖွဲ့ ၂၅ ဖွဲ့ နဲ့ ဧရိယာ ၇၂၄၀၀ ကို ဆောင်ရွက်လျက်ရှိပါတယ်။ အခြားတိုင်းဒေသကြီးနဲ့ပြည်နယ်များမှာလည်း သဘာဝဝါးတောများကို ဒေသခံပြည်သူများက ကိုယ်တိုင်ပြုစုထိန်းသိမ်းပြီး စနစ်တကျထုတ်ယူ

သုံးစွဲနိုင်ဖို့ ဒေသပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုနိုင်ရေးကိုလည်း ကျွန်တော်တို့ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဝါးစိုက်ခင်းများစိုက်ပျိုးပြီးတော့မှ မိရိုးဖလာစီးပွားဖြစ် ဝါးစိုက်ခင်းတည်ထောင်ခြင်းမှာ အလွန်ပင်နည်းပါးပြီးတော့မှ ဒီရောဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ အချို့သော ပြည်နယ်နဲ့တိုင်းဒေသကြီးမှာတော့ ဒေသသုံးဝါးအတွက် စိုက်ပျိုးလျက်ရှိပေမဲ့ စီးပွားဖြစ်တည်ထောင်ခြင်း လွန်စွာနည်းပါးပါတယ်။ အစိုးရသစ်ကာလအတွင်း ပြည်ထောင်စု နယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့မှာ ဝါးစိုက်ပျိုးလိုသူ ၉၁ ဦး အတွက် သစ်တောနယ်မြေများအတွင်း ပုဂ္ဂလိကဝါးစိုက်ခင်း ၃၀၃၄ ဧက တည်ထောင်ရန် ခွင့်ပြုပေး ခဲ့ရာမှာ ၁၈၁၂ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီးတော့မှ စီမံချက်ကာလအတွင်း စိုက်ပျိုးခြင်းမရှိတဲ့ဧရိယာ ၂၀၀ ဧကကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်သိမ်းဆည်းခဲ့ပါတယ်။

သစ်တောဦးစီးဌာနအနေနဲ့လည်း ၂၀၁၈ ခုနှစ် မိုးရာသီမှာ Power Point မှာဖော်ပြပါအတိုင်း တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ မြေကွက် ကွက်လပ်နေရာတွေမှာ ဝါးစိုက်ခင်း ၂၄၂ ဧက ဝါးအပင်ပေါင်း ၉၄၆၁၁ ပင် စိုက်ပျိုးခဲ့ပြီး ၂၀၁၉ ခုနှစ် မိုးရာသီမှာလည်း ဝါးမျိုးစုစုပေါင်း ၁၅၃၄၀၁ ပင် စိုက်ပျိုးပြီးဖြစ်ပါတယ်။ ပုဂ္ဂလိကဝါးစိုက်ခင်းအပါအဝင် ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် ဒေသခံအစုအဖွဲ့ပိုင်သစ်တောဝါးစိုက်ခင်းများမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းလာစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွေကိုလည်း ကျွန်တော်တို့ ၂၀၁၇ ခုနှစ် မေလနှင့် ၂၀၁၉ ခုနှစ် မေလတို့မှာ သစ်တောဦးစီးရုံးချုပ်(နေပြည်တော်)မှာလည်းကောင်း ဟောပြောပွဲ ၃၆ ကြိမ်လောက်ကို ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတွေမှာလည်းကောင်း ကျင်းပခဲ့ပါတယ်။

ဝါးအခြေခံအသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း သစ်တော သုတေသနဌာန(နေပြည်တော်)၊ မကွေးတိုင်းဒေသကြီးဒေသကြီးတို့မှာ သင်တန်းလေးကြိမ်၊ ဗဟို သစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့်ရေးပညာပေးရေးဌာန (မှော်ဘီ)နှင့်(ပုသိမ်ကြီး)တို့မှာ တန်ဖိုးမြှင့် ဝါးထုတ်ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် သဘာဝဝါးတောများ စီမံအုပ်ချုပ်ခြင်း သင်တန်းများကို ဖွင့်လှစ်ပြီးတော့မှ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ ပုဂ္ဂလိက ဝါးစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော်စိုက်ပျိုးနိုင်ဖို့အတွက် သစ်တောဦးစီးဌာန အနေနဲ့ ဝါးစိုက်ခင်းဧက ၅၀ နှင့်အောက်တည်ထောင်လိုသူတွေအတွက် လုပ်ငန်းအာမခံကြေးငွေ ပေးသွင်းခြင်းမပြုစေဘဲ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များမှ လွယ်ကူလျင်မြန်စွာ စိစစ် ခွင့်ပြုပေးရန် လုပ်ထုံးများ ဖြေလျှော့ပေးခဲ့ပါတယ်။

၂၀၁၉ ခုနှစ် မတ်လကစတင်ပြီးတော့မှ ကျွန်တော်တို့ မြေနေရာလက်ဦးမှုတွေဟန့်တား နိုင်စေရန် ဝါးစိုက်ပျိုးခြင်းအား အလေးအနက်ထားဆောင်ရွက်စေရန်နှင့် ဌာနမှကြီးကြပ်မှုထိရောက် စေရန်ရည်ရွယ်ပြီး လုပ်ငန်းအာမခံကြေးကို တစ်ဧကမှာ သုံးသောင်းကျပ်ပေးသွင်းပြီးမှသာ စိုက်ပျိုးခွင့်ပြုခဲ့ပါတယ်။ သစ်တောနယ်မြေများမှာ စီးပွားရေးပုဂ္ဂလိကဝါးစိုက်ခင်းများ တည်ထောင် ဖို့အတွက် တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ၊ ကုမ္ပဏီများအနေနဲ့ဖြစ်ဖြစ် ဝါးစိုက်ပျိုး ဆောင်ရွက်လိုသူများအတွက် အများဆုံးဧက ၁၀၀ အထိကို ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ သဘောတူညီချက် ဧက ၁၀၀ နှင့်အထက်ကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရရဲ့ သဘော တူညီချက်ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူခွင့်ပြုလျက်ရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ဝါးသယံဇာတများ ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ်သုံးစွဲနိုင်ရေးနှင့် သဘာဝတောများကို စနစ်တကျစီမံအုပ်ချုပ်နိုင် ရေးတို့အတွက် ပညာပေးစည်းရုံးဟောပြောခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း စည်းကမ်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်စေရေး ကြီးကြပ်လျက်ရှိတဲ့အပြင် ကျွန်တော်တို့ ပုဂ္ဂလိကဝါးစိုက်ပျိုး

ထုတ်လုပ်မှုလုပ်ငန်းအတွက် လုပ်ထုံးလုပ်နည်းတွေ ဖြေလျှော့ပေးခဲ့ပြီးတော့မှ ဝါးအဆင့်မြှင့် ကုန်ထုတ်လုပ်ရေး ဈေးကွက်နှင့်နည်းပညာ လိုအပ်ချက်များ ဖြည့်တင်းနိုင်ရေးတို့အတွက် မြန်မာ နိုင်ငံကြိမ်နှင့်ဝါး လုပ်ငန်းရှင်များအသင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ ဝန်ကြီးဖြေကြားခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ တစ်ဆက်တည်း ကျွန်တော်မေးမြန်းလိုတာက ဝါးစိုက်ပျိုးရေးနှင့်ပတ်သက်လို့ ကျွန်တော့်ကို ဝါးစိုက်ပျိုးရေးအသင်းလို စိုက်ပျိုးလိုသူတွေကလည်းပဲ လာပြီးတော့မေးမြန်းတာတွေရှိပါတယ်။ ဝါးစိုက်ပျိုးရေးအသင်းက တင်ပြခဲ့တဲ့ဟာက ဒုတိယဝန်ကြီးရှင်းပြတာကတော့ တစ်ဧကကို စပေါ်ငွေ အနေနဲ့ သုံးသောင်းပေါ့။ သူတို့ပြောတာကတော့ တစ်ဧကကို ငါးသောင်းလို့ပြောပါတယ်။ အဲဒီတော့ စိုက်ပျိုးလိုသူတွေ တစ်ဦးချင်းအနေနဲ့ စပေါ်ငွေအတွက်က အခက်အခဲရှိတာတွေ။ သူတို့အတွက် ငွေကြေးအခက်အခဲအတွက်ကို ပြေလည်နိုင်အောင် တစ်ဖက်ကလည်း တောင်သူတစ်ဦးချင်း အလိုက်အတွက်ကို ချေးငွေတွေ နိုင်ငံတော်ကဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ဒါမှမဟုတ်လို့ရှိရင် လည်း တစ်နည်းတစ်လမ်းနဲ့အဆင်ပြေအောင် ကူညီဆောင်ရွက်နိုင်ခြင်းရှိ/မရှိ နောက်တစ်ခုကလည်း တစ်ဦးချင်းဝါးစိုက်ပျိုးလိုတဲ့လူတွေက သစ်တောဦးစီးဌာနကို လျှောက်ထားတဲ့အခါမှာ ဘယ်လိုစာရွက် စာတမ်း အထောက်အထားတွေလိုတယ်။ ဘာတွေတင်ပြရမလဲဆိုတာကို အသေးစိတ်ရှင်းပြပေးနိုင် မယ်ဆိုရင် ရှင်းပြပေးဖို့ မေတ္တာရပ်ခံပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တစ်ဧကကို လုပ်ငန်း

အာမခံကြေး ငွေကောက်ခံနေတာကတော့ ကျွန်တော်တို့ မြေနေရာလက်ဦးမှုဟန့်တားနိုင်စေရေးကို အဓိက ရည်ရွယ်ပြီးတော့မှသာ ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနက ပြန်လည်ညှိနှိုင်းသုံးသပ်ပြီးတော့မှ၊ တင်ပြပြီးတော့မှ ဆုံးဖြတ်သွားရမဲ့ ကိစ္စဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ကြီးကို သီးခြား ပြန်လည်ပြီးတော့မှ ဖြေကြားပေးပါမယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီလုပ်ထုံးလုပ်နည်း Procedure SOP နှင့်ပတ်သက်ပြီး ဒေသခံတွေကို အသေးစိတ်ရှင်းပြဖို့ကိုလည်း ဝန်ကြီးဌာနနှင့် သစ်တောဦးစီးဌာနတို့နှင့်ညှိနှိုင်းပြီး ပေါင်းစပ်ဆောင်ရွက်ပေးသွားပါမယ်။ ကျေးဇူးတင်ပါတယ်။

**ကျောက်မျက်အရောင်းဆိုင်နယ်မြေ အသက်ဝင်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် သက်ဆိုင်ရာက မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)ကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၂.၅ ဧကရှိတဲ့ မြန်မာနိုင်ငံရဲ့ အကြီးဆုံးကျောက်မျက် ရတနာပြတိုက်ကြီး ဖြစ်ပါတယ်။ အထပ်သုံးထပ်ပါရှိပြီး မြေညီထပ်မှာ ရုံးခန်းများ၊ အခြားအခန်းများ၊ ကားရပ်နားရန်နေရာများ၊ ပထမထပ်မှာ ကျောက်မျက်ရတနာဆိုင်ခန်းများနှင့် ဒုတိယအထပ်မှာ ပြခန်းများပါရှိပါတယ်။ ယင်းနဲ့အနီးမှာ မဏိရတနာကျောက်စိမ်းခန်းမနှင့် ဥယျာဉ်တို့ကို ခေတ်မီ နည်းပညာများအသုံးပြု တည်ဆောက်ထားပြီး ကျောက်မျက်ရတနာပြပွဲများနှင့် လေလံပွဲများ

ကျင်းပပြုလုပ်လျက်ရှိပါတယ်။ ကျောက်မျက်ရတနာအရောင်းပြခန်းများအား နိုင်ငံတကာဈေးကွက်သို့ အချိန်မရွေးရောင်းချနိုင်ရန် ရည်ရွယ်ပြီးတော့ ကျောက်မျက်ရတနာအရောင်းပြခန်းအရောင်းဆိုင်နယ်မြေအဖြစ် ဒက္ခိဏသီရိမြို့နယ်မှာ တစ်ကေရှိမြေကွက် ၁၂၂ ကွက်ဖော်ထုတ်၍ ကျောက်မျက်ရတနာလုပ်ငန်းရှင်များသို့ နေရာချထားပေးခဲ့ပြီး အဆောက်အဦများလည်း တည်ဆောက်ပြီးစီးနေပြီဖြစ်ပါတယ်။

ကျောက်မျက်ရတနာအရောင်းပြခန်းလုပ်ငန်း သင်တန်းကျောင်းကိုလည်း တည်ဆောက်ပြီးဖြစ်ပါတယ်။ နေပြည်တော်လေဆိပ်၊ ဘူတာကြီး၊ အဝေးပြေးယာဉ်ရပ်နားစခန်းများ ဖွင့်လှစ်တည်ဆောက်ပေးထားပြီး အသေးစားနှင့်အလတ်စားစက်မှုဇုန်၊ အစိုးရဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ ဟိုတယ်များနှင့် တည်းခိုရိပ်သာများလည်း တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာပါက နေပြည်တော်မှာ အလုပ်အကိုင်အခွင့်အလမ်းများများစွာဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ နေပြည်တော်မှာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်နှင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ပိုမိုရရှိစေရန် ကျောက်မျက်အရောင်းဆိုင်နယ်မြေအသက်ဝင်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့မှ လိုအပ်သောတွန်းအားနှင့် အကူအညီပေးမှုများ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ဒက္ခိဏသီရိမြို့နယ်ရှိ ကျောက်မျက်အရောင်းဆိုင်နယ်မြေ အသက်ဝင်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် သက်ဆိုင်ရာတို့က မည်ကဲ့သို့ ဆောင်ရွက်ထားပါသနည်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

မူကြမ်း

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒက္ခိဏသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းမေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက နေပြည်တော်ကောင်စီနဲ့ပေါင်းစပ်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ မြန်မာ့ ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)ကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလမှာဖွင့်လှစ်ခဲ့ပြီး ၎င်းအနီး မှာရှိတဲ့ မဏိရတနာကျောက်စိမ်းခန်းမမှာတော့ ကျောက်စိမ်း၊ ကျောက်မျက်ရတနာပြပွဲများနှင့် လေလံပွဲများကို ကျင်းပပြုလုပ်လျက်ရှိပါတယ်။ ဒါ့အပြင် ကျောက်မျက်ရတနာအချောထည် ဖွံ့ဖြိုး တိုးတက်စေရန်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတွေ ပိုမိုရရှိစေရန်ရည်ရွယ်ပြီးတော့မှ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေကြာပင်ရတနာဈေးကို ဖော်ဆောင်ခဲ့ပြီး ၎င်းရတနာဈေးအတွင်း ဆိုင်ခန်းများဖွင့်လှစ်ဆောင်ရွက်ရန်အတွက် ရတနာဆိုင် လိုင်စင်များချထားပေးခဲ့ရာ လက်ရှိမှာ လိုင်စင်ရယူထားသူ ၁၉ ဦးရှိပါတယ်။ အဆိုပါရွှေကြာပင် ရတနာဈေး ကျောက်မျက်ရတနာကဏ္ဍနှင့်ပတ်သက်ပြီးတော့မှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမို ဖန်တီးပေးနိုင်ရန်ရည်ရွယ်ပြီး ကျောက်မျက်ရတနာသင်တန်းကျောင်းကိုလည်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနဲ့ ပူးပေါင်းပြီးဖွင့်လှစ်ခဲ့ပြီးတော့မှ ကျောက်မျက် ပညာရပ်များကို Power Point မှာ ဖော်ပြပါအတိုင်း သင်ကြားပေးလျက်ရှိပါတယ်။

ကျောက်မျက်ရတနာအချောထည်သင်တန်း ပထမအကြိမ်ကို ၁၁-၁-၂၀၁၇ ရက်နေ့က နေပြီးတော့မှ ၅-၈-၂၀၁၇ ရက်နေ့အထိ သင်တန်းသူသင်တန်းသား ၂၀၂ ဦးနှင့် စတင်ဖွင့်လှစ် သင်ကြားပေးခဲ့ပြီး အဆိုပါသင်တန်းမှ ထူးချွန်ကျောင်းသား ၅၀ ဦးကို ပြည်ပကျောက်မျက်ရတနာ

သင်တန်းများသို့ သွားရောက်ပညာသင်ကြားနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျောက်မျက်အချောထည်သင်တန်း ဒုတိယအကြိမ်ကိုတော့ ၂၂-၁၁-၂၀၁၇ ရက်နေ့မှ ၁၀-၈-၂၀၁၈ ရက်နေ့အထိ သင်တန်းသူသင်တန်းသား ၁၅၀ ဦးကို လက်ခံသင်ကြားပေးခဲ့ပါတယ်။ နောက်ပြီးတော့မှ ၂၀-၁၁-၂၀၁၉ ရက်နေ့ တစ်နေ့ကလည်း တတိယအကြိမ် ကျောက်မျက်အချောထည်သင်တန်းကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေနဲ့ ကျောက်စိမ်း၊ ကျောက်မျက်အခေ ျာထည်အလွတ်များ၊ လက်ဝတ်ရတနာများ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်ထားတဲ့ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ပြည်ပသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းများနှင့် တင်ပို့ရောင်းချခြင်းလုပ်ငန်းများ အချိန်တိုအတွင်း တစ်နေရာတည်းမှာ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက်လည်း နေပြည်တော်အပါအဝင် မြို့ကြီးငါးမြို့မှာ ကျောက်မျက်ရတနာရောင်းဝယ်ရေးဌာန (Gems Trading Centre)များ ဖွင့်လှစ်ဆောင်ရွက်မယ့်အစီအစဉ်ကို ဖော်ပြပါအတိုင်း ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါတွေကတော့ ကျောက်စိမ်း၊ ကျောက်မျက်အချောထည်၊ လက်ဝတ်ရတနာတွေ၊ Gems Trading Centre များဖွင့်လှစ်ပြီးတော့မှ ပြည်ပသို့ တင်ပို့ရောင်းချမယ့်စီမံချက်ကို နိုင်ငံတော်သမ္မတရုံးသို့ ၂၉-၅-၂၀၁၈ ရက်နေ့မှာ တင်ပြခဲ့ပါတယ်။ သမ္မတရုံးရဲ့ လမ်းညွှန်ချက်အရ ဝန်ကြီးဌာနအနေနဲ့ Gems Trading Centre မှာ အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်ရမယ့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နှင့် အစည်းအဝေးပြုလုပ်ပြီး ညှိနှိုင်းတိုင်ပင်ဆွေးနွေးခဲ့ကြပါတယ်။ ၁၆-၁၀-၂၀၁၈ ရက်နေ့မှာ Gems Trading Centre အမိန့်ကြော်ငြာစာ(မူကြမ်း)ကို ပြုစုရေးဆွဲပြီး ဆက်စပ်ဝန်ကြီးဌာနများထံသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ပါတယ်။ Gems Trading Centre များဖွင့်လှစ်မည့်ကိစ္စနှင့်စပ်လျဉ်းပြီး ထုတ်ပြန်မယ့်အမိန့်ကြော်ငြာစာ(မူကြမ်း)ကို သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေ

သဘောထားမှတ်ချက်နှင့်အညီ ညှိနှိုင်းပြင်ဆင်ပြုစုပြီး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာမှာ နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်မှုအရ ကျွန်တော်တို့ စီးပွားရေးရာကော်မတီကိုလည်း တင်ပြထားပြီးဖြစ်ပါတယ်။ နေပြည်တော် Gems Trading Centre(GTC)ကို ရွှေကြာပင်ရတနာဈေးအတွင်း ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အဦကိုလည်း ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ဖွင့်လှစ်ရန် ခွင့်ပြုချက်ရရှိပါက လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နေပြည်တော်၊ ရွှေကြာပင်ကျောက်မျက်ရတနာအရောင်းဆိုင်နယ်မြေ အသက်ဝင်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ခဲ့တဲ့အခြေအနေများကို သိရှိနိုင်ရန် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဂန့်ဂေါမြို့နယ်တွင် သစ်ထုတ်လုပ်ရေးဆင် အကောင်ရေ ၁၀၀ ခန့်၏ ကျက်စားရာနေရာ(habitat)၌ ကုမ္ပဏီနှစ်ခုအား ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခွင့်ပြုထားခြင်းကြောင့် ၎င်းဆင်များအတွက် (habitat)ကို မထိပါးစေရန်စီစဉ်ဆောင်ရွက်ထားခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ဖြစ်ပါတယ်။ ကျွန်မ ဒီနေ့ ဂန့်ဂေါမြို့နယ်နဲ့ပတ်သက်တဲ့မေးခွန်းတစ်ခုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်က ရှေးအစိုးရအဆက်ဆက် သစ်တောမှသစ်ထုတ်လုပ်ပြီး တိုင်းပြည်ကိုအလုပ်အကျွေးပြုခဲ့တဲ့မြို့နယ်ဖြစ်ပါတယ်။ သစ်ထုတ်ရေးဆင်များကိုအသုံးပြုပြီးတော့ သစ်ထုတ်လုပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ သစ်ထုတ်ရေးဆင်အများဆုံးရှိတဲ့မြို့လည်း ဖြစ်ပါတယ်။ ယခုလက်ရှိ ၂၀၂ ကောင်ရှိကြောင်းကို သိရပါတယ်။ ဆင်ဦးစီးအများစုက ဒေသခံတွေဖြစ်ပြီး ဌာနမှ

ဆင်ဆရာဝန်များရဲ့ပြုစုစောင့်ရှောက်မှုများကိုလည်း အမြဲပေးထားတာဖြစ်ပါတယ်။ ဆင်အများစု နေထိုင်ရာ မြင်သား၊ မိုးစိုကြိုးဝိုင်းအနီးမှာဆိုလို့ရှိရင် ဆင်စခန်းတွေ၊ ဆင်ကျုံးတွေရှိပါတယ်။ ဒီကြိုးဝိုင်းမှာ ၂၀၁၇ ခုနှစ်က ကျောက်မီးသွေးကုမ္ပဏီနှစ်ခုကို ထုတ်လုပ်ခွင့်ချထား ခဲ့ပါတယ်။ ဒေသခံပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ဆွေးနွေးအသိပေးခြင်းများ မရှိခဲ့ပါဘူး။ စမ်းသပ်နေတယ်လို့ပဲ သိရှိခဲ့ရပါတယ်။ ၂၀၁၉ ခုနှစ် ဧပြီလကျမှ တရားဝင်ထုတ်လုပ်ခွင့် ရရှိထားမှန်း ကျွန်မတို့သိရှိရလို့ ကွင်းဆင်းကြည့်ရှုခဲ့ပါတယ်။

Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒီဆင်များက သစ်ထုတ်လုပ်ရေးဆင်ယဉ်များ အဲဒီ တောတောင်မှာ အလေ့ကျကျက်စားသွားလာနေတာဖြစ်ပါတယ်။ ကျွန်မကိုယ်တိုင်ဓာတ်ပုံရိုက်ယူ ထားတာဖြစ်ပါတယ်။ ဒီပုံကတော့ ကွန်ချီဆင်ကြီးဖြစ်ပါတယ်။ အခြားဆင်များကို ကူညီလေ့ကျင့် သင်ကြားပေးတဲ့ဆင်ဖြစ်ပါတယ်။ အသက်အရွယ်အိုမင်းလာလို့ သူ့ရဲ့ဆင်ဦးစီးအိမ်မှာ ပြုစု စောင့်ရှောက်ထားတာဖြစ်ပါတယ်။ ကြက်၊ ငှက်ကလေးတွေကိုတောင် အန္တရာယ်မပြုဘဲ လိမ္မာ ယဉ်ကျေးတာကို တွေ့မြင်ရမှာပါ။ ဒါကတော့ ဆင်ဝိုင်းတွေစခန်းချနေထိုင်တဲ့အိမ်လေးတွေ ဖြစ်ပါတယ်။ ဒီကျောက်မီးသွေးထုတ်ခွင့်ပေးထားတဲ့တောင်ခြေမှာ ဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ဒီတောင်ခြေမှာ အကောင်ရေ ၁၀၀ ခန့်ရှိပြီး သစ်ထုတ်တဲ့နေရာအလိုက် ရွှေ့ပြောင်းနေထိုင်ကြလို့ အခုလက်ရှိ ဒီတောင်အနီးဆင်ဝိုင်းတွေမှာ ၅၈ ကောင်ရှိတယ်လို့သိရပါတယ်။

ဒီနေရာက ဂန့်ဂေါမြို့နယ်မှာ ဆင်တွေထားတဲ့နေရာတွေထဲမှာ တောတောင်အကျန်ရှိဆုံး နေရာဖြစ်ပါတယ်။ ဒီကျောက်မီးသွေးထုတ်တဲ့နေရာမှာ အသုံးပြုနေတဲ့ သဘာဝရေထွက်ကို ကြည့်ခြင်းအားဖြင့် တောတောင်တွေဘယ်လောက်ကျန်ရှိနေသေးလဲဆိုတာ မှန်းဆနိုင်ပါတယ်။ သူတို့ရဲ့ မိသားစုတွေအသုံးပြုနေတဲ့ သဘာဝရေထွက်ဖြစ်ပါတယ်။ နောက်ပြီး ဒီမှာ Open Cut စနစ်နဲ့ခွင့်ပြုထားသလားဆိုတာ သိရှိချင်ပါတယ်။ လက်ရှိသူတို့သုံးနေတာ Open Cut စနစ်နဲ့

တူနေတာဖြစ်ပါတယ်။ ဒီတောင်ပေါ်ကကျလာတဲ့ ထန်းသီးချောင်းရေကို တောင်ခြေရွာတွေက အသုံးပြုတဲ့အခါမှာ အခုတော့ ကျောက်မီးသွေးတွေမျောပါလာနေပါပြီ။ သဘာဝပတ်ဝန်းကျင်ကို အနည်းနှင့်အများထိခိုက်စေလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ဆင်တွေက ဆင်ယဉ်တွေဆိုပေမဲ့ ဒီတောတောင်က သူတို့လှည့်လည်သွားလာရာနေရာဖြစ်ပါတယ်။ တောငှက်ပျောအူစသည်ဖြင့် သူတို့ရဲ့အစားအစာတွေလည်း ပေါများပါတယ်။ သူတို့အတွက် habitat လိုအပ်ပါတယ်။ လူတွေ တောင်မှ အပန်းဖြေခရီးသွားကြပါတယ်။ ဆင်တွေက လူမဟုတ်တော့ပိုလိုအပ်ပါတယ်။ ကျောက်မီးသွေးခွင့်ပြုထားတဲ့ကြိုးဝိုင်းနဲ့ ကြိုးဝိုင်းမတူပေမဲ့ ဆင်ဆိုတာ လူတွေလို ကိုယ့်အိမ် ကိုယ်နေလို့ ပြောလို့မရပါဘူး။ နောက်ပြီးအခုထုတ်လုပ်ခွင့်ပေးထားတာက ပေ ၃၀၀၀ ကျော်အမြင့် ဖြစ်လို့ ကျောက်မီးသွေးကားကြီးတွေက အင်ဂျင်ကြီးတွေနဲ့ ဆူဆူညံညံအရှိန်ယူမောင်းနှင်ကြရ ပါတယ်။ တောင်တွေကမတ်စောက်ပြီး လမ်းမကောင်းလို့ မိုးရာသီမှာ လုပ်ငန်းရပ်နားထားရကြောင်း သိရှိရပါတယ်။

ဒီတော့ ကျွန်မသိရှိလိုတာက ကျောက်မီးသွေးသမားများအတွက်လည်း မက်မောလောက်တဲ့ အကျိုးအမြတ်မရှိပါဘူး။ နိုင်ငံတော်အတွက်လည်း ရမယ့်အခွန်အခနဲ့ ဒီဆင်တေွရဲ့ကျက်စားရာ နေရာနဲ့ ဘယ်လိုမှလဲလှယ်နိုင်စရာမမြင်ပါဘူး။ ဒါကြောင့် ဒီလုပ်ငန်းချထားပေးရာမှာ သစ်တော ဦးစီးဌာနနဲ့ သတ္တုတွင်းဦးစီးဌာနဟာ ဝန်ကြီးဌာနတစ်ခုတည်းအောက်က ဦးစီးဌာနနှစ်ခုအနေနဲ့ ဘယ်လိုအစီအစဉ်တွေနဲ့ ခွင့်ပြုခဲ့ပါသလဲ။ ဆင်တွေအတွက်လည်း ထည့်သွင်းစဉ်းစားခဲ့ခြင်းရှိ/မရှိနှင့် ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲလို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ် ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဒေါက်တာရဲမြင့်ဆွေ ဒုတိယဝန်ကြီးက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မြင်သားဒေသမှာ မြေဧရိယာ ၂၁၅ ဧက၌ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားတဲ့စနစ်နဲ့ ကျောက်မီးသွေးထုတ်လုပ် ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ရွှေဘုမ္မိကုမ္ပဏီလီမိတက်သို့ သက်တမ်းငါးနှစ်အား ၂၀-၁၂-၂၀၁၇ မှ ၁၉-၁၂-၂၀၂၂ အထိလည်းကောင်း၊ နိုင်တံခွန်ကုမ္ပဏီလီမိတက်သို့ မြေဧရိယာ ၂၃၀ ဧက ခွင့်ပြု သက်တမ်းငါးနှစ်အားလည်း ၂၀-၁၂-၂၀၁၇ မှ ၁၉-၁၂-၂၀၂၂ အထိလည်းကောင်း စာချုပ်ချုပ်ဆို ထားရှိခဲ့ပါတယ်။ ဂန့်ဂေါမြို့နယ်မှာ ရွှေဘုမ္မိကုမ္ပဏီလီမိတက်နှင့်နိုင်တံခွန်ကုမ္ပဏီလီမိတက်တို့အား ကျောက်မီးသွေးအသေးစားထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်များအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၀-၁၀-၂၀၁၇ ရက်နေ့ ရက်စွဲပါစာနဲ့ သစ်တောဦးစီးဌာနမှ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်များနှင့် ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ (သတ္တုရေးရာ)ရဲ့ (၃၇/၂၀၁၇)အစည်းအဝေးမှာ သဘောတူဆုံးဖြတ်ချက်နှင့်ထုတ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ကုမ္ပဏီများရဲ့ထုတ်လုပ်မှုနဲ့ နိုင်ငံတော်အခွန်ပေးသွင်းမှုစာရင်းကို Power Point မှာဖော်ပြထားပါတယ်။ ကုမ္ပဏီများက လက်ရှိအခြေအနေမှာ အဆိုပါလုပ်ကွက်များအား ကနဦးပတ်ဝန်းကျင်ဆန်းစစ်ချက်(IEE)အစီရင်ခံစာများရေးဆွဲနေပြီးတော့မှ အလတ်စားထုတ်လုပ်မှုဖြင့် ကူးပြောင်းရန်စီစဉ်ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရွှေဘုမ္မိကုမ္ပဏီရဲ့ မြေဧရိယာ ၂၁၅ ဧကမှာရှိတဲ့ လုပ်ကွက်ဟာ တိုကြိုးဝိုင်းအကွက်အမှတ်(၈)နဲ့(၉)အတွင်းကျရောက်လျက်ရှိကြောင်း နိုင်တံခွန်ကုမ္ပဏီလီမိတက်ရဲ့ မြေဧရိယာ ၂၃၀ ဧကရှိတဲ့လုပ်ကွက်ဟာ မြင်သားကြိုးဝိုင်းအတွင်း လုပ်ကွက်အမှတ်(၆)နှင့် တိုကြိုးဝိုင်းအကွက်အမှတ်(၈)အတွင်းကျရောက်လျက်ရှိကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရယူသင့်ကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ကန့်ကွက်ရန်မရှိကြောင်း စိုက်ပျိုးမြေစီမံကိန်းနယ်မြေများနှင့် လွတ်ကင်းကြောင်း၊ လုပ်ကွက်ဧရိယာများမှာ သဘာဝပေါက်ပင်အပင်ကြီးနည်းပါးပြီး တင်းဝါးတောနှင့် မြက်ကြမ်းတောများသာ တွေ့ရသဖြင့် ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးသာ ဖြစ်ပေါ်နိုင်မယ့်ဧရိယာဖြစ်ကြောင်း စမ်းသပ်တိုင်းတာခွင့်ရရှိစဉ်ကလည်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကျောက်မီးသွေးထုတ်လုပ်ခွင့်တင်ပြခြင်းနှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်အောင် သက်ဆိုင်ရာဌာနများမှ သတ်မှတ်ခွင့်ပြုပေးတဲ့နည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်ပြီး ကျောက်မီးသွေးစနစ်တကျတူးဖော်ခြင်းနဲ့ ပတ်ဝန်းကျင်ထိခိုက်မှုအတွက် လုပ်ငန်းရှင်မှ အစားထိုးသစ်တောစိုက်ခင်းများ စိုက်ပျိုးပေးခြင်းတို့ကို လိုက်နာဆောင်ရွက်ပေးမည်ဆိုပါက တူးဖော်ထုတ်လုပ်ရေးခွင့်ပြုသင့်ပါကြောင်း သဘောထားမှတ်ချက်ပြန်ကြားခဲ့ပါတယ်။

ရွှေဘုမ္မိကုမ္ပဏီရဲ့ မြေဧရိယာ ၂၁၅ ဧကနဲ့ နိုင်တံခွန်ကုမ္ပဏီရဲ့မြေဧရိယာ ၂၃၀ ဧကတို့မှ စမ်းသပ်တိုင်းတာခြင်းမှတူးဖော်ခြင်း ကူးပြောင်းခွင့်ပြုရန်လျှောက်ထားခြင်းအပေါ်မှာ သစ်တော

ဦးစီးဌာနက ခွင့်ပြုကြောင်းသဘောထားမှတ်ချက်လည်းတင်ပြခဲ့လို့ ဒီကုမ္ပဏီနဲ့စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ မြန်မာ့သစ်လုပ်ငန်း(ဂန့်ဂေါသစ်ထုတ်ရေးနယ်)မှာ ဌာနပိုင်ဆင်တွေအတွက် ဆင်စားကျက်ရေိယာအဖြစ်အသုံးပြုရန် ကွင်းစဲကြိုးဝိုင်း၊ ကျောတိုးချဲ့ကြိုးဝိုင်း၊ လောင်ထောင်ကြိုးဝိုင်း၊ ထီးလင်းကြိုးဝိုင်း၊ မိုးစိုကြိုးဝိုင်း၊ ပျဉ်ထောင်တိုးချဲ့ကြိုးဝိုင်း၊ တိုကြိုးဝိုင်းနှင့် မြင်သားကြိုးဝိုင်းတို့အတွက် မြေဧရိယာပေါင်း ၆၉၈၁၈ ကေကို သစ်တောဦးစီးဌာနက သတ်မှတ်ခွင့်ပြုခဲ့ပါတယ်။

ကုမ္ပဏီနှစ်ခုမှ ကျောက်မီးသွေးတူးဖော်ခြင်းကြောင့် ဌာနဆင်များရဲ့စားကျက်အခြေအနေထိခိုက်မှုရှိ/မရှိနှင့်ပတ်သက်ပြီး အောက်ပါအတိုင်းစစ်ဆေးတွေ့ရှိရပါတယ်။ မြန်မာ့သစ်လုပ်ငန်းပိုင်ဆင်များ စားကျက်မြေများကို သစ်တောဦးစီးဌာနမှ အတည်ပြုသတ်မှတ်ပေးခဲ့ပြီး ဂန့်ဂေါသစ်ထုတ်ရေးနယ်မြေမှ ဌာနပိုင်ဆင် ၁၉၇ ကောင်အတွက် ဆင်စားကျက်မြေများ သတ်မှတ်ပေးခဲ့ရာ တိုကြိုးဝိုင်းအကွက်အမှတ်(၈)၊ (၉)၊ (၁၀)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၁၉)တို့ပါဝင်ခဲ့ပါတယ်။ ကုမ္ပဏီနှစ်ခုအား ကျောက်မီးသွေးတူးဖော်ခွင့်ပြုထားတဲ့နေရာမှာ ဆင်စားကျက်အဖြစ်ခွင့်ပြုထားတဲ့ တိုကြိုးဝိုင်းအကွက်အမှတ်(၈)မှာပါဝင်ပါတယ်။ ကွင်းစဲကြိုးဝိုင်းအတွင်း ၈၅ ကောင်၊ လောင်ထောင်ကြိုးဝိုင်းအတွင်း ၇၅ ကောင်၊ တိုကြိုးဝိုင်းအတွင်း ၃၀ ကောင်၊ ကျောကြိုးဝိုင်းအတွင်း ၄၅ ကောင်နှင့် ပင်ထောင်၊ အပတော(၁၁)တို့မှာ ခုနစ်ကောင်စားကျက်ချထားပြီး ထိန်းကျောင်းလျက်ရှိပါတယ်။ အကွက်အမှတ်(၈)မှာတော့ ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းများရှိတဲ့အတွက် ၎င်းနေရာနဲ့ဝေးတဲ့နေရာများမှာ ဆင်စားကျက်များချထားပါတယ်။ ဂန့်ဂေါသစ်ထုတ်ရေးနယ်မှာ စားကျက်ချထားတဲ့အခြေအနေကို ကျွန်တော်တို့ Power Point မှာဖော်ပြထားပါတယ်။ ဒီအတိုင်းတင်ပြထားပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး အဆိုပါကြိုးဝိုင်းအတွင်း ဌာနပိုင်ဆင်အကောင် ၃၀ ခန့်ဟာ ဆင်ကျောင်းလျက်ရှိပြီး မိုးတွင်းသစ်ထုတ်ချိန်

မှာ လုပ်ကွက်များအတွင်း သစ်ထုတ်လုပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းကိုလုပ်ဆောင်တဲ့ မြင်သားကြိုးဝိုင်းအကွက်အမှတ်(၆)နဲ့ တိုကြိုးဝိုင်းအကွက်အမှတ်(၈)တို့မှာတော့ ဆင်စားကျက်ချထားရန်မသင့်တော်တဲ့အတွက် ဆင်ဝိုင်းများထားရှိမှုမရှိပါကြောင်းနှင့် ကုမ္ပဏီနှစ်ခုက သစ်တောဦးစီးဌာနသို့ လုပ်ငန်းအာမခံပေးသွင်းခြင်း၊ နှစ်စဉ်သစ်တောမြေငှားရမ်းခများပေးသွင်းခြင်း၊ အစားထိုးသီးနှံပင်များစီမံချက်အလိုက် စိုက်ပျိုးပေးခြင်တို့ကို ဆောင်ရွက်လျက်ရှိပြီး မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ထောက်ခံချက်ဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့စနစ်နဲ့ ကျောက်မီးသွေးထုတ်လုပ်လုပ်ကိုင်မှုများ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါ။ အခုဒုတိယဝန်ကြီးဖြေဆိုသွားတာ ပြည့်ပြည့်စုံစုံဖြေဆိုသွားတာဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်တွေကို အဓိကဖြေဆိုသွားကြောင်းကို သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မသိလိုတာ ဒီလိုမျိုးကျောက်မီးသွေးလုပ်ကွက်တွေချထားမယ်ဆိုလို့ရှိရင် အခုဒီလယ်ယာမြေတွေထဲကို ကျောက်မီးသွေတွေဝင်တဲ့အခါမှာ တောင်သူတွေက ဆန္ဒပြမယ်၊ ဘာညာဆိုတာဖြစ်တဲ့အခါမှာ တိုင်းဒေသကြီးအစိုးရက သစ်တောဝန်ကြီးအနေနဲ့ ကျွန်မတို့က တင်ပြရာမှာ ဒီပါမစ်တွေက ပြည်ထောင်စုအစိုးရက ချထားပေးတာလို့ဆိုပါတယ်။ ဒီတော့ကျတော့ ကျွန်မတစ်ဆက်တစ်စပ်တည်းသိရှိလိုတာက ဒီလိုပါမစ်တွေချထားပေးရာမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်က အဓိကကျပါသလား။ ပြည်ထောင်စု

အစိုးရအဖွဲ့ရဲ့ သုံးသပ်ချက်က အဓိကကျပါသလားဆိုတာလေးကို လေးစားစွာမေးမြန်းအပ်ပါတယ် ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဒီသတ္တုလုပ်ကွက်ပါမစ်တွေချထားပေးတဲ့နေရာမှာတော့ ကျွန်တော်တို့ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေတွေရှိပါတယ်။ ဥပဒေ၊ နည်းဥပဒေအရ ဒီလုပ်ကွက်က လွတ်ကင်းမယ်ဆိုလို့ရှိရင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်ကိုရယူရပါတယ်။ တိုင်းဒေသကြီးတစ်ခုတည်းမှာရှိတဲ့ မြေယာအရှုပ်အရှင်းပြဿနာ၊ ဒီမြေယာပိုင်ဆိုင်မှုတွေနဲ့ ပြဿနာ၊ ဒီမြေယာသုံးစွဲခွင့် မြေယာအမျိုးအစားတွေနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ တိုင်းဒေသကြီးသဘောထားကို မေးတဲ့အခါ တိုင်းဒေသကြီးသဘောထားက သက်ဆိုင်ရာဌာန၊ သတ္တုတွင်းဌာန၊ မြေယာစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ နေခက်မြေစာရင်းဦးစီးဌာန အပါအဝင် ကျွန်တော်တို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၊ ဌာနပေါင်းစုံအဖွဲ့အစည်းတွေနှင့် ကွင်းဆင်းစစ်ဆေးပြီးမှသာ တိုင်းဒေသကြီးအစိုးရက Cabinet ရဲ့သဘောတူညီချက်နဲ့ ကျွန်တော်တို့ကို သဘောထားမှတ်ချက်ပြန်ကြားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က ဒီလုပ်ထုံးလုပ်နည်းနှင့် နည်းဥပဒေ၊ ဥပဒေတွေကိုတော့ ပြည်ထောင်စုဝန်ကြီးဌာနက အဓိက ကိုင်တွယ်ဆောင်ရွက်နေပြီးတော့မှ မြေယာကိစ္စနှင့်ပတ်သက်ပြီးတော့မှ တိုင်းဒေသကြီးရဲ့ သဘော ထားထောက်ခံချက်က အဓိကဖြစ်ပါတယ်။ တိုင်းဒေသကြီးက သဘောမတူဘူးဆိုလို့ရှိရင် မည်ကဲ့သို့စီမံကိန်းဖြစ်ပါစေ ဒေသခံပြည်သူများ သဘောမတူဘူးဆိုရင် မည်သို့သောလုပ်ကွက်ကို ဖြစ်စေ ပြည်ထောင်စုဝန်ကြီးဌာနက ချပေးခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ရှိပါတယ်။

**ကြံခင်းမြို့နယ် မြောက်မြန်အောင်ကြိုးဝိုင်း၊ ကွင်းအမှတ်(၂၅)နှင့်(၂၆)အတွင်းရှိ ပျိုးပင်များ ရေလောင်းရန်အတွက် ရေသယ်ယာဉ်တစ်စီး ထောက်ပံ့ပေးရန်နှင့် ဝန်ထမ်း၊ ပြည်သူများအတွက် လိုအပ်နေသော ပေ ၁၇၀၀၀ ရှိ လမ်းပိုင်းအား ဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာထွန်းလင်းမော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာထွန်းလင်းမော်(ကြံခင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီ တိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့မှာ ကြံခင်းမြို့နယ် မြောက်မြန်အောင်ကြိုးဝိုင်း၊ ကွင်းအမှတ်(၂၅) နှင့် (၂၆)အတွင်းရှိ ပျိုးဥယာဉ်၊ ပျိုးစိုက်ခင်းဧက ၆၀၀ တို့တွင်ရှိသော ဝန်ထမ်း များရဲ့ လုပ်ငန်းလိုအပ်ချက်များကို ကူညီထောက်ပံ့ပေးနိုင်ပါရန်ကိစ္စအား သက်ဆိုင်ရာဝန်ကြီး ဌာနအား မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါကိစ္စနှင့်ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ကြံခင်းမြို့နယ်၊ ခုံကြီးအုပ်စု သရက်စမ်းဆင်စခန်းကျေးရွာသို့ သွားရောက်လေ့လာခဲ့ပါတယ်။ သရက်စမ်းကျေးရွာမှာ မူလတန်းကျောင်းတစ်ကျောင်းရှိပြီး ဆင်စခန်းမှ ဝန်ထမ်းသားသမီးများ၊ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကလေးငယ်များ လာရောက် ပညာသင်ကြားနေတာကို တွေ့ရှိရပါတယ်။ အနီးဆုံး လယ်မရွာမှ သရက်စမ်းကျေးရွာသို့ သွားတဲ့လမ်းခရီးဟာ ချောင်းရိုးတစ်လျောက် မော်တော်ယာဉ်ကြီးများ၊ ဆင်များနဲ့ ခက်ခဲစွာသွားရပါ တယ်။ တောင်ကျရေကျတဲ့အချိန်မှာ ယာဉ်လမ်းအတိုင်းသွားလာ၍ မရပါဘူး။ ချောင်းရိုးက

မဖြတ်ရသော တောင်ပေါ်လမ်းမှာ အနီးဆုံးလယ်မရွာအထိ ပေ ၁၇၀၀၀ သုံးမိုင်ခန့်ရှိပြီး လက်ရှိ ခြေလျင်၊ ဆိုင်ကယ်များသာ သွားလာရပါတယ်။ သစ်တောဦးစီးဌာန စိုက်ခင်းလုပ်ငန်းမှဝန်ထမ်းများ၊ ပညာရေး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တခြားဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအတွက် ရာသီမရွေးသွားလာနိုင်သော လမ်းတစ်လမ်းလိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ယင်း လမ်းပိုင်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ အဆင့် သတ်မှတ်ချက်မှာ Class-C တွင်သာပါရှိကြောင်းလည်း သိရှိရပါတယ်။

သရက်စမ်းဆင်စခန်းမှာ ဆင် ၆၂ ကောင်ကို ထိန်းသိမ်းစောင့်ရှောက်နေပါတယ်။ ကြံခင်းမြို့နယ် မြောက်မြန်အောင်ကြိုးဝိုင်း အကွက်အမှတ်(၃၄) တည်ထောင်ပြီး ဧက ၄၀၀(၁/၂၀၁၇)နှင့် အကွက်အမှတ်(၂၅)ရှိ တည်ထောင်ပြီးကျွန်းစိုက်ခင်း ဧက ၃၀၀(၁/၂၀၁၈)တို့မှာ အပင်များ ရှင်သန်အောင်မြင်လျက်ရှိပါတယ်။ အကွက်အမှတ်(၂၆)ရှိ ကျွန်းစိုက်ခင်းဧက ၃၀၀(၁/၂၀၁၉)မှာလည်း အပင်များအပြည့်အဝစိုက်ပျိုးပြီးစီးရှင်သန်အောင်မြင်လျက်ရှိပါတယ်။ အချိန်နှင့်တစ်ပြေးညီ ပေါင်းရှင်းခြင်း၊ မြေဩဇာကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကိုလည်း တွေ့ရှိခဲ့ရပါတယ်။ သို့ရာတွင် ပျိုးထောင်ထားတဲ့ပျိုးပင်များနှင့် လာမည့်ရာသီမှာ ပျိုးထောင်မယ့် ပျိုးဥယျာဉ်အတွက် သဘာဝတောင်ကျစမ်းရေကိုသာ မှီခိုပြီးရေလောင်းနေကြောင်း သိရှိရပါတယ်။ နွေရာသီမှာသဘာဝတောင်ကျစမ်းရေပြတ်လပ်မှုရှိကြောင်း သိရှိရတဲ့အတွက် ကြောင့် နီးစပ်ရာရေရရှိရာနေရာမှာ ရေသယ်ဖို့အတွက် ရေသယ်ယာဉ်တစ်စီးလိုကြောင်းကိုလည်း တွေ့ရှိရပါ တယ်။ ပိုမိုရှင်းလင်းစေရန် Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါက ကျွန်တော်တို့ ကျန်းမာရေး ဝန်ထမ်းတွေ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာကွယ်ဆေးထိုးသွားရတဲ့ လမ်းခရီး။ ဒါက လွှတ်တော်ကိုယ်စားလှယ်တွေ ဆင်နှင့်သွားခဲ့ရတဲ့ခရီးပါ။ ဒါက သရက်စမ်းကနေ ဆင်စခန်းကို

သွားရတဲ့ချောင်းဘေးကလမ်းပါ။ ဒါက သရက်စမ်းဆင်စခန်း မူလတန်းကျောင်းမှာ KG ကလေးတွေ စာသင်နေတာပါ။

ဒါက ဝန်ထမ်းများနှင့်တွေ့ဆုံပွဲမှာ မူလတန်းကျောင်းအတွက် အလှူငွေပေးအပ်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ အကွက်အမှတ်(၃၄)ကေ ၄၀၀ စိုက်ခင်းအောင်မြင်မှုမှတ်တမ်းဖြစ်ပါတယ်။ ဒါကလည်း အကွက်အမှတ်(၃၄)က ပုံပါ။ ဒါကတော့ အကွက်အမှတ်(၂၅)မှာ လွှတ်တော်ကိုယ်စားလှယ်သုံးယောက် သွားရောက်စစ်ဆေးနေတဲ့ မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။ ဒါကလည်း အကွက်အမှတ်(၂၅)ကေ ၃၀၀ စိုက်ခင်းပုံပဲဖြစ်ပါတယ်။ ဒါကတော့ အကွက်အမှတ်(၂၆)မှာ လွှတ်တော်ကိုယ်စားလှယ်တွေ သွားရောက်စစ်ဆေးနေတဲ့ မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။ ဒါကတော့ အကွက်အမှတ်(၂၆)မှာ စိုက်ခင်းပြီးစီးမှုနှင့် ပေါင်းရှင်းမြေဩဇာကျွေးဆောင်ရွက်နေတဲ့ မှတ်တမ်းဓာတ်ပုံများပဲဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါအခြေအနေများကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများရဲ့အကျိုးအတွက် အောက်ဖော်ပြပါမေးခွန်းများအား မေးမြန်းအပ်ပါတယ်။ နံပါတ်(၁) ပျိုးပင်များရေလောင်းရန်အတွက် ရေသယ်ယာဉ်တစ်စီးထောက်ပံ့ပေးရန်အစီအစဉ်ရှိ/မရှိ၊ နံပါတ်(၂) ဝန်ထမ်းများ၊ ဒေသခံပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် လိုအပ်လျက်ရှိသော ပေ ၁၇၀၀၀ ရှိလမ်းပိုင်းအား ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိတို့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ရောဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးထွန်းလင်းမော် မေးမြန်းတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော် ရဲမြင့်ဆွေ ဒုတိယဝန်ကြီးက ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျာ။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့သစ်တောမူဝါဒနှင့် အမျိုးသားသစ်တော ပင်မနှစ်(၃၀) စီမံကိန်းတို့ကို ရေးဆွဲပြဋ္ဌာန်းထားပြီးတော့မှ ထာဝစဥ်တည်တံ့စေသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းစဥ်တွေကို အခြေခံပြီး မြန်မာရွေးချယ်ခြင်းနည်းစနစ်နဲ့ မြန်မာ့သစ်တောများကို ကျွန်တော်တို့ စီမံအုပ်ချုပ်လုပ်ကိုင်ဆောင်ရွက် လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေကြောင့် သစ်တောသယံဇာတတွေဟာ လျော့နည်းကျဆင်းလာပြီး ၂၀၁၁ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်း နှစ်စဥ်ပျမ်းမျှ သစ်တောပြုန်းတီးမှုဟာ နိုင်ငံဧရိယာရဲ့ ၁.၇ ရာခိုင်နှုန်းရှိခဲ့ပြီးတော့မှ လက်ရှိအခြေအနေမှာ မြန်မာသစ်တောများရဲ့ FAO နဲ့ FRA ၂၀၁၅ ခုနှစ် စာရင်းများအရ သစ်တောဖုံးလွှမ်းမှုဟာ ကျွန်တော်တို့ ၄၂.၉၂ ရာခိုင်နှုန်းရှိပြီး ရွက်အုပ်ပိတ်တော ၂၁.၅၆ ရာခိုင်နှုန်းနဲ့ ရွက်အုပ်ပွင့်တော ၂၁.၃၆ ရာခိုင်နှုန်းရှိပါတယ်။

ဒါ့အပြင် သစ်တောပြုန်းတီးခြင်းနဲ့ သစ်တောအတန်းအစားကျဆင်းခြင်းတွေကို ကာကွယ်ရန်၊ သစ်တောစိုက်ခင်းတွေတည်ထောင်ခြင်းအပါအဝင် သစ်တောပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံရဲ့သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ နိုင်ငံတကာကတိကဝတ်တွေကို ဖြည့်တင်းနိုင်ရန် မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း(၂၀၁၇-၂၀၁၈)ခုနှစ်ကနေပြီးတော့မှ

စပြီး(၁၀)နှစ် စီမံကိန်းအဖြစ်ကျွန်တော်တို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ စီမံကိန်းအရ ဟသ်ာတခရိုင်အတွင်း မြို့နယ်လေးမြို့နယ်မှာ ကျွန်တော်တို့ မြန်မာသစ်တောများ ပြန်လည်တည်ထောင်ရေး ဆောင်ရွက်လျက်ရှိပြီး ကြံခင်းမြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မိုးရာသီမှာ မြောက်မြန်အောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၂၅)မှာ စီးပွားရေးကျွန်းစိုက်ခင်း ၃၀၀ ကေနှင့် ၂၀၁၉ ခုနှစ် မိုးရာသီမှာကွင်းအမှတ်(၂၆)မှာ စီးပွားရေးကျွန်းစိုက်ခင်း ၃၀၀ ကေကို တည်ထောင်စိုက်ပျိုးခဲ့ပြီးတော့မှ ပျိုးဥယျာဉ်လုပ်ငန်းတွေကိုတော့ ကျွန်တော်တို့စိုက်ခင်းနဲ့ အနီးဆုံးဖြစ်တဲ့ ရေသရာချောင်းကိုအမှီပြုပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါချောင်းဘေးရှိ ဒေသအခေါ် သိုက်ဝါးခုံဒေသမှာ ပျိုးထောင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေမယ့် မေလဆန်းမှာ ရေပြတ်တောက်မှုရှိတဲ့အတွက် အငှားရေသယ်ယာဉ်ဖြင့် ပျိုးပင်များကိုရေလောင်း ဆောင်ရွက်ခဲ့ရပါတယ်။ ဒါ့အပြင် ၂၀၂၀ ခုနှစ် မိုးရာသီမှာလည်း မြောက်မြန်အောင်ကြိုးဝိုင်း အကွက်အမှတ်(၂၆)နှင့် (၂၇)မှာ စီးပွားရေးကျွန်းစိုက်ခင်း ကေ ၃၀၀ ကို ထပ်မံစိုက်ပျိုးမှာဖြစ်ပြီး ပျိုးပင်များပျိုးထောင်ဖို့နဲ့ စိုက်ခင်းဟောင်းများ ဖာထေးခြင်းအတွက် ပျိုးဥယာဉ်လုပ်ငန်းများကို သိုက်ဝါးခုံဒေသမှာပဲ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ် စိုက်ခင်းတည်ထောင်ခဲ့တဲ့ အတွေ့အကြုံတွေအရ မေလဆန်းမှာ ရေပြတ်လပ်မှုများ ကြုံရနိုင်တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ကြံခင်းမြို့နယ် မြောက်မြန်အောင်ကြိုးဝိုင်း ကွင်းအမှတ်(၂၅)၊ (၂၆) ပျိုးပင်များရေလောင်းရန် ရေသယ်ယာဉ်တစ်စီး ထောက်ပံ့ပေးရန်အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနရဲ့အစီအစဉ်ဖြင့် ထောက်ပံ့ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကြံခင်းမြို့နယ် မြောက်မြန်အောင်ကြိုးဝိုင်း ကွင်းအမှတ်(၃၀)မှာတော့ ဒီသစ်လုပ်ငန်းဟာ ဆင်အကောင်ရေ ၃၆ ကောင်ကို ထိန်းသိမ်းတဲ့သရက်စမ်းဆင်စခန်းရှိပြီးတော့မှ သရက်စမ်းရွာမှာ

ဆင်ထိန်းသိမ်းတဲ့ဝန်ထမ်းများရဲ့ အိမ်ထောင်စု ၅၁ စု၊ ကျပန်းလုပ်ကိုင်တဲ့အိမ်ထောင်စု ၂၉ စု စုစုပေါင်းအိမ်ထောင်စု ၈၀ စု၊ စုစုပေါင်းလူဦးရေ ၂၆၀ ဦးနေထိုင်လျက်ရှိပါတယ်။ အဆိုပါရွာမှာပဲ မူလတန်းကျောင်းရှိပြီးတော့မှ ကျောင်းသူကျောင်းသား ၃၃ ဦးရှိပါတယ်။ သရက်စမ်းရွာမှ အနီးဆုံး လယ်မကျေးရွာသို့ မိုးရာသီမှာ တောင်ပေါ်လမ်းအတိုင်း ပေ ၁၇၀၀၀ သုံးမိုင်ခန့်သွားရောက်ရတယ် လို့ ကျွန်တော်သိရှိရပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျေးလက်လမ်းများ ဖောက်လုပ်ခြင်းအတွက် တာဝန်ယူဆောင်ရွက်နေတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းမေးမြန်းချက်အရ အဆိုပါလမ်းပိုင်းမှာ Class(C)အဆင့် တတိယဦးစားပေးအဆင့်သာရှိ၍ လတ်တလောဖောက်လုပ်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် သစ်တောစိုက်ခင်းတွေတည်ထောင်ခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကိုသာ ဆောင်ရွက် လျက်ရှိတဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ဒီအဆိုပါ လမ်းအား ဖောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ရှိပါတယ်။

**ပေါင်မြို့နယ်၊ သဲဖြူကုန်း မြေပြိုမှုဖြစ်စေသည့် အကြောင်းအရင်းကို သက်ဆိုင်ရာ ပြည်ထောင်စု အစိုးရဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးလိုတဲ့မေးခွန်းကတော့ ပေါင်မြို့နယ်၊ သဲဖြူကုန်း မြေပြိုမှုဖြစ်ရတဲ့ အကြောင်းအရင်းကို သိရှိလို၍ သဘာဝကြောင့် မြေပြိုမှုဖြစ်တာလား။ လူတွေကြောင့် မြေပြိုမှုဖြစ်တာလားဆိုတဲ့ အကြောင်းအရင်းအမှန်ကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၉-၈-၂၀၁၉ ရက်နေ့မှာဖြစ်ပွားခဲ့တဲ့ ပေါင်မြို့နယ်၊ သဲဖြူကုန်းကျေးရွာ၊ ဖဲပြာကုန်းရပ်ကွက်မှ မြေပြိုမှုဖြစ်စဉ်သည် မြန်မာတစ်နိုင်ငံလုံးအပြင် နိုင်ငံတကာကတောင် စိတ်ဝင်စားထိတ်လန့်စေခဲ့တဲ့ ဖြစ်စဉ်တစ်ခုလည်း ဖြစ်ပါတယ်။ မြေပြိုမှုမှာ အပြစ်မဲ့ပြည်သူတွေ ၇၂ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ၂၈ ဦး ဒဏ်ရာပြင်းထန်စွာ ရရှိစေခဲ့ပါတယ်။ အိမ်ထောင်စု ၂၇ စုအပါအဝင် လမ်းခရီးသွားလာနေတဲ့ ခရီးသွားပြည်သူများရဲ့ ပစ္စည်းဥစ္စာများစွာကိုလည်း ဆုံးရှုံးခဲ့ရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံမှာ သဘာဝပတ်ဝန်းကျင်ကို လျစ်လျူရှုပြီး ကိုယ်ကျိုးအတွက် အသုံးချခဲ့တဲ့သူတွေကြောင့် သဘာဝဘေးဒဏ်ကို အပြစ်မဲ့ပြည်သူတွေကသာ ခံစားခဲ့ရတာကိုပြသပြီး အသိပေးလိုက်သလိုပါပဲရှင်။ ဒီဖြစ်စဉ်သည် သာမန်ကြည့်လို့ရှိရင် သဘာဝဘေးအန္တရာယ်ကြောင့်လို့ ထင်မြင်ယူဆလို့ရပေမဲ့ သဘာဝအတိုင်းရှိနေတဲ့တောင်ကို လူတစ်ဦးတစ်ယောက်ရဲ့ပယောဂမပါဘဲ ရုပ်ချည်းပြိုကျတဲ့အထိ ဖြစ်လာစရာ အကြောင်းတော့မရှိဘူးလို့ ယူဆမိပါတယ်။ ယခုဖြစ်စဉ်မှာ ပတ်ဝန်းကျင်ရဲ့ပြောကြားချက်ရော၊ မြေပြိုမှုမှာ အသက်ရှင်ကျန်ရစ်ခဲ့တဲ့သူတွေရဲ့ ပြောကြားချက်အရဆိုရင် ယခုမြေပြိုမှုသည် မူလတောင်ခြေမှာ ကိုယ်ကျိုးစီးပွားရှာလုပ်ငန်းရှင်များရဲ့ မြေကြီးကိုတူးပြီး ခြံကွက်တူးဖော်တိုးချဲ့တဲ့အတွက်ကြောင့် တောင်၏အောက်ခြေကို ဟန်ချက်ပျက်ပြီးအပေါ်က အထိန်းအကွပ်မရှိဘဲ မိုးကြီးတဲ့အချိန်မှာ ပြိုကျခဲ့ခြင်းဖြစ်တယ်လို့ ကြားသိခဲ့ရပါတယ်။ Power Point ကိုအသုံးပြုခွင့်ပြုပါ။ ဒါ သဲဖြူကုန်းကျေးရွာမှာ မြေပြိုမှုဖြစ်စဉ်ပါ။ ဒါတောင်ကနေပြီးတော့ ပြိုဆင်းလာတဲ့ဟာက လယ်ကွင်းနားမှာသွားပြီး စုပြုံပြီးတော့ အိမ်ခြေ ၂၇ လုံးကို ကြေမွသွားသလို ဖြစ်စဉ်ပါ။ ဒါ ကယ်ဆယ်ရေးတော့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဒါ စစချင်းဖြစ်တဲ့မူလနေရာ ထိပ်ကနေပြီးတော့ တောင်ကနေပြို

ဆင်းလာတဲ့သဘောပါ။ ဒါ တောင်ရဲ့မပြိုဆင်းသေးခင် မူလအခြေအနေပါ။ အဲဒီမှာနေထိုင်နေတဲ့ လူတွေရော၊ အောက်ခြေမှာ ဖြိုဖျက်ထားတဲ့ ဟန်ချက်ပျက်နေတဲ့ ပုံစံလေးတွေပါ။ ပြထားပါတယ်။ ဒါ စားသောက် ဆိုင်တစ်ဆိုင်ကနေပြီးတော့ အောက်ခြေကို မြေကြီးချဲ့ပြီးတော့ တူးဖော်ထားတဲ့ တောင်ရဲ့အခြေထိကို တူးဖော်လိုက်တဲ့အတွက်ကြောင့် ဟန်ချက်တွေပျက်ကုန်တာ ဖြစ်ပါတယ်။ ဒါ မြေပြိုမှုရဲ့ အနီးကပ်အခြေအနေပါ။ ဒီတောင်ခြေမှာ ကျွန်မတို့ ပေါင်မြို့နယ်ရဲ့ပြည်သူတွေ အားလုံးဟာ တောင်ခြေမှာနေထိုင်တဲ့လူတွေ များပြားပါတယ်။ တောင်မှကျလာတဲ့ စမ်းချောင်း ရေတွေ၊ နွေ၊ မိုး၊ ဆောင်း အဆက်မပြတ် ရရှိတဲ့အတွက်ကြောင့် ရှေးအဆက်ဆက် နေထိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ရှေးယခင်ကတော့ မည်သူကမှ တောင်ခြေကို တူးဖော်ရောင်းစားတာမရှိပါဘူး။ ဖွံ့ဖြိုးလာတာနှင့်အမျှ လမ်းမြေဖောက်ဖို့အတွက် ဈေးကောင်းတဲ့အတွက်ကြောင့် ရောင်းစားကြတာ များပါတယ်။ တော၊ တောင်မြေတွေကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနက ကြီးကြပ်ကိုင်တွယ်ပြီး မြေစာရင်းဌာနနှင့် အုပ်ချုပ်ရေးမှူးတို့ကို ခွင့်ပြုချက်ယူပြီးမှသာ လုပ်လို့ရပါတယ်။ ဒါ ပေါင်မြို့နယ်မှာ နောက်ထပ်ပြိုဖို့နေရာ လေးတွေရှိပါတယ်။ အဲဒါတွေကိုလည်း အရင်တုန်းကတူးဖော်ထားတဲ့အတွက်ကြောင့် ဒီနေရာတွေမှာ ကျောင်းကအစ အကုန်လုံးရွှေ့ထားတဲ့ နေရာတွေပါ။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခုပြိုကျတဲ့တောင်ဟာ ကုလားမတောင်တန်းရဲ့ အဆက်အစပ်ဖြစ်တဲ့ မလတ်တောင်လို့လည်း ခေါ်ကြပါတယ်။ သက်နုတောင်အမျိုးအစားဖြစ်တဲ့အတွက်ကြောင့် မြေတူး ဖော်ခြင်း၊ ကျောက်မိုင်းခွဲခြင်းကို ခွင့်မပြုထားပါဘူး။ တောင်ဟာ သဘာဝအတိုင်းရှိနေရင်တောင်မှ ဘာမှဒုက္ခမပေးပေမဲ့ တောင်ကိုတူးဖော်လိုက်တာနဲ့ နောက်ထပ်ပြိုကျနိုင်တဲ့အခြေအနေတွေ အန္တရာယ်ရှိလာနိုင်တာကို ပညာရှင်တွေကလည်း သုံးသပ်ထားပါတယ်။ ယခုလိုမျိုးပဲ နေရာ တော်တော်များများ နောက်ထပ်ပြိုကျနိုင်ခြေရှိတယ်လို့လည်း ပညာရှင်တွေရော၊ ပြည်နယ်အစိုးရ

တွေကပါ ပြောကြားထားတာရှိပါတယ်။ တောင်ဆိုတာ ယခုဖြိုလို့ ချက်ချင်းပြိုကျသွားတာ မဟုတ်ပါဘူး။ ခေတ်အဆက်ဆက်ကတူးဖော်ပြီး ယခုရော၊ နောင်ရော ဆက်လက်ခွင့်ပြုပေးမယ်ဆိုရင် ပတ်ဝန်းကျင်မှာနေထိုင်တဲ့ ပြည်သူများရဲ့ အသက်အန္တရာယ် အချိန်မရွေးကျရောက်စေနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်အစိုးရသည် ပြည်သူများရဲ့ အသက်အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်ပေးရမယ့်တာဝန်ရှိတဲ့အတွက် ယခုဖြစ်စဉ်အပေါ်ဖြစ်ပြီးမှ ဘာမှမတတ်နိုင်ဘူးဆိုတဲ့သဘောမျိုး မဖြစ်စေဘဲ တာဝန်ယူ၊ တာဝန်ခံမှုဖြင့် ပြည်သူများကို ပွင့်လင်းမြင်သာမှုရှိအောင်ချပြပြီး ဒီလိုမျိုး ဖြစ်စဉ်ဖြစ်ရတဲ့အကြောင်းရင်းကိုဖော်ထုတ်ပြီး ဖန်တီးတဲ့ သူကိုရော၊ ဥပဒေချိုးဖောက်တဲ့သူကိုရော ဒါကိုတားဆီးရမယ့်အစား မသိကျိုးကျွံပြုနေတဲ့ သက်ဆိုင်ရာဌာနတွေကိုပါ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဒီမြေပြိုမှု အကြောင်းအရင်းကို။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်းထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းမေးမြန်းတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ ကျွန်တော် ဒေါက်တာရဲမြင့်ဆွေ ဒုတိယဝန်ကြီးက ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ ပေါင်မြို့နယ်၊ သဲဖြူကုန်း မြေပြိုမှုဖြစ်စဉ်ကို ကွင်းဆင်းစစ်ဆေးရန် ကျွန်တော်တို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါက်တာဦးမြင့်စိုးခေါင်းဆောင်တဲ့ ဘူမိဗေဒဝန်ထမ်းငါးဦးပါတဲ့ ကွင်းဆင်း

စစ်ဆေးရေးအဖွဲ့ကို ၂၈-၈-၂၀၁၉ ရက်နေ့မှာ တာဝန်ပေးစေလွှတ်ခဲ့ပါတယ်။ ကွင်းဆင်း စစ်ဆေးရေးအဖွဲ့က ဝန်ကြီးချုပ်နှင့်တကွ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များကို ၃၀-၈-၂၀၁၉ ရက်နေ့မှာ တွေ့ဆုံလမ်းညွှန်မှုခံယူခဲ့ပြီး သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ ဒေသခံပြည်သူများနဲ့ တွေ့ဆုံမေးမြန်းပြီး မြေပြိုခြင်းနှင့်သက်ဆိုင်တဲ့ သတင်းအချက်အလက်များကို ရယူစုဆောင်း ခဲ့ပါတယ်။ သဲဖြူကုန်းမြေပြိုမှုသာမက အခြားမြေပြိုမှုဖြစ်ပွားခဲ့တဲ့ တောင်-မြောက်နီးပါး မနီးမဝေးနေရာ ၁၄ ခုတို့ရဲ့ ဘူမိဗေဒနဲ့ အောက်ခံကျောက်သားအခြေအနေ၊ မြေပြိုရတဲ့ အကြောင်းအရင်း၊ အနီးပတ်ဝန်းကျင်ရှိ မြေလွှာ အက်ကြောင်းများ၊ တောင်ခြေရှိ လူနေအိမ်များ၊ စာသင်ကျောင်းများအတွင်းသို့ ဝင်ရောက်ပြီး ကြည့်ရှုစစ်ဆေးတိုင်းတာခဲ့ပါတယ်။

ပေါင်မြို့နယ်၊ သဲဖြူကုန်းမြေပြိုခြင်းဟာ ၉-၈-၂၀၁၉ ရက်နေ့ နံနက် ၈:၀၀ နာရီအချိန်မှာ ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဆိုပါမြေပြိုမှုဒေသမှာ ပါမီယမ်သက်တမ်းရှိတဲ့ မုတ္တမကျောက်ထပ်လွှာ များနဲ့ ဖွဲ့စည်းထားပါတယ်။ ကျောက်ယူနစ်တွေအနေနဲ့ကတော့ တောင်စောင်းအပေါ်ပိုင်းမှာ မာပြီး ထူတဲ့ သလင်းကြွယ် သဲကျောက်များ၊ ဂဝံကျောက်နဲ့ တောင်စောင်းရဲ့အောက်ခြေပိုင်းမှာ ရာသီဥတုဒဏ်တိုက်စားမှုခံထားရတဲ့ ရွှံ့ကျောက်၊ သဲမှုန်ကျောက်၊ ယေလကျောက်တို့ကို အဓိက တွေ့ရှိရပြီး ကျောက်လွှာများဟာ တောင်-မြောက် နီးပါးသွယ်တန်းနေပြီး အရှေ့မြောက်ဘက်သို့ ၅၅ ဒီဂရီနဲ့ ငိုက်စောင်းနေပါတယ်။ အနောက်မြောက်-အရှေ့တောင်လားရာရှိပြီးတော့မှ အနောက် တောင်ဘက်သို့ ၄၂ ဒီဂရီနဲ့ ငိုက်စောင်းနေတဲ့ ပြတ်ရွေ့တွေဟာ မြေပြိုမှုကို အဓိကဖြစ်စေပြီးတော့မှ အဆိုပါပြတ်ရွေ့အက်ကြောင်းပြိုင်များအတွင်းသို့ မိုးရေနဲ့ မြေအောင်းရေခိုအောင်းပြီး ပြိုကျတဲ့ Rotational and Translational Landslide မြေပြိုတဲ့ အမျိုးအစားဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါတယ်။ မြေပြိုမှုဖြစ်ပေါ်ခဲ့တဲ့ မိုနိုင်းကျေးရွာ၊ ရင်းငြိမ်-ဖြူဘကျေးရွာနဲ့ ကျွဲခြံကျေးရွာအနီးဒေသ မှာတော့ ရာသီဥတုချေဖျက်မှုဒဏ်ကို လွန်စွာခံထားရတဲ့ မြေပြိုရန်လွယ်ကူတဲ့ ဂရက်နိုက်ဆန်

နိုက်ကျောက်များကို တွေ့ရပါတယ်။ ကျွဲခြံ–ဇာတိပ္ပိုလ်ဘုန်းကြီးကျောင်းမှာရှိတဲ့ မြေပြိုမှုဖြစ်ပွားခဲ့တဲ့ နေရာပတ်ဝန်းကျင်မှာလည်း နောက်ထပ်မြေပြိုမှုများဖြစ်ပွားရန် အလွန်လွယ်ကူကြောင်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ပေါင်မြို့နယ်၊ သဲဖြူကုန်းမြေပြိုရခြင်းဟာ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ပြတ်ရွေ့အက်ကြောင်းများအတွင်းသို့ ရေဝင်ခြင်း၊ တောင်စောင်းအငိုက်ထောင့်များခြင်း၊ အပေါ်ပိုင်းမှာမာပြီးထူတဲ့ သဲကျောက်များရှိပြီး အောက်မှာထမ်းထားရတဲ့ ရွှံ့ကျောက်၊ ယှေလကျောက်နဲ့ သဲမှုန်ကျောက်တွေဟာ မြေအောင်းရေနဲ့ ရာသီဥတုဒဏ်ခံထားရခြင်းနဲ့ အပေါ်မှလေးတဲ့ သဲကျောက်များကို ဆက်လက်ထမ်းထားနိုင်ခြင်းမရှိသောကြောင့်လည်းကောင်း၊ မိုးများပြားပြီး မြေဆီလွှာအတွင်း အောင်းရေခိုအောင်းမှုများပြားလာပြီး ရွှံ့ကျောက်၊ ယှေလကျောက်နဲ့ သဲမှုန်ကျောက်များဟာ နူးအိပျော့ဝင်ပြီး ချောဆီသဖွယ်ဖြစ်နေ၍လည်းကောင်း၊ ကျောက်တုံးကြီးများနဲ့ မြေစာများ အစုလိုက်အပြုံလိုက် တောင်စောင်းအတိုင်း အောက်ဘက်သို့ မြေပြိုဆင်းရခြင်း ဖြစ်ပါတယ်။ မြေအောင်းရေအလွန်အကျွံများနေပြီး မြေပြိုကျမှုမှာ ရေအားနဲ့တွန်းသလိုအဝေးသို့ ရောက်ရှိဖုံးလွှမ်းသွားခြင်းနဲ့ မြေပြိုကျတဲ့တောင်ခြေမှာ လူနေထိုင်မှုများခြင်း၊ ရွှံ့နွံပြင်ဖြစ်ပြီးတော့မှ လူနဲ့တိရစ္ဆာန်များ နစ်မြုပ်သေကြေပျက်စီးဆုံးရှုံးရခြင်းဖြစ်ကြောင်း သုံးသပ်ရပါတယ်။

လူ့ပယောဂကြောင့် ဖြစ်စဉ်များနဲ့ပတ်သက်ပြီး ဒေသခံများကို ကွင်းဆင်းစစ်ဆေးမေးမြန်းခဲ့ရာမှာ Highway King စားသောက်ဆိုင်ဟာ မြေပြိုမှုဖြစ်ပွားတဲ့ တောင်ခြေအနီးမှာရှိတဲ့ အဆိုပါစားသောက်ဆိုင်ရဲ့ အနောက်ဘက်မှာ စားသောက်ဆိုင်ခန်းမ သီးသန့်ဆောက်ဆောက်လုပ်ရန်အတွက် မြေညှိခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ သဘာဝရေစီးကြောင်းတွေကိုလည်း ကျောက်တုံးတွေနဲ့ အဆင့်ဆင့်ခံပြီးတော့မှ ရေတံခွန်သဖွယ် ပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။ သဲဖြူကုန်းမြေပြိုမှုဖြစ်စဉ်မှာ မြေပြိုရခြင်းရဲ့အဓိကအကြောင်းရင်းမှာ ဘူမိဗေဒအနေအထားနဲ့ ပုံမှန်မဟုတ်တဲ့ မိုးသည်းထန်စွာရွာသွန်းတဲ့ မိုးရေချိန်ကြောင့်ဖြစ်ကြောင်း၊ သဲဖြူကုန်းတစ်ခုတည်း

သာကွက်၍ လေ့လာခြင်းမဟုတ်ဘဲ ဒေသတစ်ခုလုံးအနေနဲ့ သဲဖြူကုန်းနဲ့ အချိန်ခြားပြီးဖြစ်ပွားခဲ့တဲ့ အခြားမြေပြိုမှုများအား ကွင်းဆင်းလေ့လာဆောင်ရွက်ချက်များအရလည်းကောင်း၊ အဆိုပါမြေပြိုမှုများနှင့်ပတ်သက်၍ လေ့လာခဲ့တဲ့ အခြားအဖွဲ့အစည်းများရဲ့ စိစစ်တွေ့ရှိချက်များအရလည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် အဓိကဖြစ်ပြီးတော့မှ လူ့ပယောဂကြောင့် ပါဝင်ပတ်သက်မှုက အနည်းငယ်သာရှိကြောင်း သုံးသပ်ရပါတယ်။ သဲဖြူကုန်း မြေပြိုမှုအပါအဝင် ပေါင်မြို့နယ်ဝန်းကျင် ဒေသများအတွင်း မြေပြိုမှုများနှင့်ပတ်သက်ပြီး နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာ ရွာသွန်းချိန်များမှာ သတိပြုနေထိုင်ကြရန်၊ တောင်ခြေမြေကြောဖြတ်တောက်ခြင်း(Toe Cutting)များ ဆက်လက်မပြုလုပ်ကြစေရန်၊ အင်ဂျင်နီယာနည်းပညာပါတဲ့ မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ မြေပြိုပြီးခဲ့တဲ့ နေရာတွေမှာ သစ်ပင်၊ မြက်ပင်များကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်းနဲ့ ဆင်ခြေလျှောများကို ကာကွယ်ပေးတဲ့အပင်များ ရွေးချယ်စိုက်ပျိုးခြင်း၊ မြေမျက်နှာပြင်နဲ့ မြေအောက်ရေဆင်းစနစ်တွေကို စနစ်တကျပြုလုပ်ပေးခြင်းနဲ့ ရေဆင်းစနစ်တွေကို အဟန့်အတားဖြစ်စေမယ့် အဆောက်အအုံတွေကို ရေဆင်းလမ်းအားပိတ်ပြီး တည်ဆောက်ခြင်း မပြုကြရန်၊ သစ်တောသစ်ပင်များကို ဆက်လက် ထိန်းသိမ်းထားကြရန်နဲ့ တောင်စောင်းနဲ့ ဘုန်းကြီးကျောင်းများသို့ လမ်းဖောက်ရာမှာ လမ်းဆင်ခြေလျှောတွေကို မြေပြို၊ တောင်ပြိုမှု လျော့နည်းအောင် ဖောက်လုပ်ခြင်းစတဲ့ နည်းလမ်းများအတိုင်း ဆောင်ရွက်သွားရန် အစီရင်ခံစာမှာလည်း အကြံပြုတင်ပြထားပါတယ်။

ကွင်းဆင်းလေ့လာတွေ့ရှိချက်တွေအရ မွန်ပြည်နယ်၊ ပေါင်မြို့နယ် ပတ်ဝန်းကျင်မြေပြိုမှု (Landslide)ဖြစ်ပွားရတဲ့ အဓိကအကြောင်းအရင်းတွေက သဘာဝကြောင့်ဖြစ်ပေါ်တဲ့ ဆင်ခြေလျှော အနေအထားများ မြင့်မားမတ်စောက်နေခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ဆင်ခြေလျှောမြေလွှာ ထဲမှာ အောင်းရေမြင့်တက်လာခြင်းနဲ့ အောက်ခံကျောက်သားအနေအထားနဲ့ ဘူမိဗေဒအနေအထား

များ(Geological Structure : Fault, Sheared Plan, Joints)နဲ့ မြေသားပြုပြင် ပြောင်းလဲဆောင်ရွက်မှုများကြောင့်ဖြစ်ရာ သဘာဝဘေးအန္တရာယ်ကြောင့် အဓိကဖြစ်ပြီး လူ့ပယောဂကြောင့် ပတ်သက်မှု အနည်းငယ်သာ ပါရှိပါတယ်။ အဆိုပါ မြေပြိုမှု၊ တောင်ပြိုမှုများကို ထိန်းချုပ်နိုင်ရန်၊ အသက်အိုးအိမ်းဆုံးရှုံးမှုများ လျော့နည်းသွားစေရန်၊ မြင့်မားမတ်စောက်တဲ့တောင်စောင်းများအပေါ်မှာ လူနေအိမ်များတည်ဆောက်ခြင်းနှင့် တောင်ခြေမှာကပ်၍နေထိုင်ခြင်း၊ တောင်ခြေအား ခုတ်၍နေရာချဲ့ခြင်းတို့အား ဒေသအာဏာပိုင်များမှ စီမံချက်များချမှတ်ပြီးတော့မှ ထိန်းချုပ်ခြင်း၊ မြေပြိုခြင်းနှင့်ပတ်သက်၍ အသိပညာ ဗဟုသုတများဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုသင့်သည်များကို အသိပညာပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းနဲ့ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်စီစဉ်သင့်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၁-၉-၂၀၁၉ ရက်နေ့တွင် လက်ခံရရှိထားပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီ အား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သပါတယ်။ ယနေ့အစည်းအဝေးမှာ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီဝင် ကျွန်တော် ဦးအောင်စိန်က ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ **အမျိုးသားလွှတ်တော်၏ ၁၁-၉-၂၀၁၉ ရက် နေ့စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၉-၄၇၉**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပေးပို့သော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပဥ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၈-၈-၂၀၁၉ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၁-၉-၂၀၁၉ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အထက် ရည်ညွှန်း ပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဥ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်ဖော်ပြပါရည်ရွယ်ချက်များကိုအခြေခံ၍ ပြင်ဆင် ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပရာတွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ နှင့်အညီ ကိုယ်စားလှယ်များကိုရွေးကောက်တင်မြှောက်ခြင်းဆောင်ရွက်နိုင်ရန်၊

(ခ) တည်ဆဲပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ပါ ပြဋ္ဌာန်းချက်အရ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး လစ်လပ်တိုင်း ခြောက်လအတွင်း အစားထိုးရွေးကောက်တင်မြှောက်ရန် လက်တွေ့သဘောအရ အခက်အခဲရှိနိုင် ခြင်းကြောင့် အဆင်ပြေဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လစ်လပ်သည့်နေရာပေါ်တိုင်း အကြိမ်ကြိမ် အစားထိုးရွေးကောက်တင်မြှောက်ခြင်းကို ပြုလုပ်ပေးရမည့်အခြေအနေများဖြစ်နေ

သောကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အခက်အခဲများ ဖြစ်ပေါ်နိုင်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်၍မရရှိနိုင်ခြင်းတို့ ကြောင့် ပြင်ဆင်ရန်၊

(ဃ) တည်ဆဲဥပဒေပြဋ္ဌာန်းချက်များကြောင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက် ရန် အခက်အခဲရှိနေသောကြောင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများနှင့် ခွင့်ပြုဘဏ္ဍာငွေအခြေအနေတို့အပေါ် ထည့်သွင်းစဉ်းစား၍ နောင်တွင်ကြားဖြတ်ရွေးကောက်ပွဲများကျင်းပနိုင်ရေးအတွက် အဆင်ပြေစေရန်၊

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၉-၁၀-၂၀၁၉ ရက်နေ့(အင်္ဂါနေ့)နှင့် ၁၄-၁၁-၂၀၁၉ ရက်နေ့(ကြာသပတေးနေ့)တို့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အခွင့်အရေး ကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး များကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာ တွေ့ရှိ ချက်များနှင့် ပြင်ဆင်ရန်စိစစ်ချက်ဇယားတို့ကို ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ကြောင့် အချိန်ကိုင့်ညှာသောအားဖြင့် ဖတ်ကြားတင်ပြခြင်းမပြုတော့ပါ။

၄။ သို့ပါ၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ပြီး နည်းဥပဒေ ၆၃ နှင့်အညီ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

မူကြမ်း

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ ပသ -ဥပဒေကြမ်း/ ၂၀၁၉-

ရက် စွဲ ၊ ၂၀၁၉ ခုနှစ်၊ နို ဝင် ဘာ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၁၁-၉-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/၂၀၁၉ - ၄၈၀

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးပို့သော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်၌ ၈-၈-၂၀၁၉ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၁-၉-၂၀၁၉ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါ စာဖြင့် ပေးပို့လာပါသည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပရာတွင် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေနှင့်အညီ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်နိုင်ရန်၊

(ခ) တည်ဆဲအမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ပါ ပြဋ္ဌာန်းချက်အရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး လစ်လပ်တိုင်း ခြောက်လအတွင်း အစားထိုး ရွေးကောက်တင်မြှောက်ရန် လက်တွေ့သဘောအရ အခက်အခဲရှိနိုင်ခြင်းကြောင့် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်၊

(ဂ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လစ်လပ်သည့် နေရာပေါ်တိုင်း အကြိမ်ကြိမ် အစားထိုးရွေးကောက် တင်မြှောက်ပွဲများကို ပြုလုပ်ပေးရမည့်အခြေအနေများ ဖြစ်နေသောကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အခက်အခဲများ ဖြစ်ပေါ်နိုင်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်၍ မရနိုင်ခြင်းတို့ကြောင့် ပြင်ဆင်ရန်၊

(ဃ) တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်အရ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် အခက်အခဲရှိနေသောကြောင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများနှင့် ခွင့်ပြုဘဏ္ဍာငွေ အခြေအနေတို့အပေါ် ထည့်သွင်းစဉ်းစား၍ နောင်တွင် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး အတွက် အဆင်ပြေစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၉-၁၀-၂၀၁၉ ရက်(အင်္ဂါနေ့)နှင့် ၁၄-၁၁-၂၀၁၉ ရက်(ကြာသပတေးနေ့)တို့တွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း တွင် အပိုဒ်ပေါင်း ၅ ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် ဥပဒေခေါင်းစီး၊ အပိုဒ် ၁၊ အပိုဒ် ၂ {ပုဒ်မ ၁၃ ကို ပြင်ဆင်ခြင်း} နှင့် အပိုဒ် ၃ {ပုဒ်မ ၆၈ ကို ပြင်ဆင်ခြင်း}ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း သဘောတူ လက်ခံပါ သည်။

(ဂ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃ {ပုဒ်မ ၅၄ ကို ပြင်ဆင်ခြင်း}ကို မူလဥပဒေ ပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဃ) အပိုဒ် ၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၈၉။(က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော် ကိုယ်စားလှယ်နေရာ လစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ရမည်။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်နှင့် ပဉ္စမနှစ်တို့တွင် ကြားဖြတ် ရွေးကောက်ပွဲကျင်းပခြင်းမပြုရ။

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၂၆-၁၁-၂၀၁၉ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော အမျိုးသား လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံ ရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်း လိုသည့်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော အမျိုးသား လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၁၁-၉-၂၀၁၉ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်း မိတ္တူကိုလည်း ဖြန့်ဝေပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးတော့ ကော်မတီရဲ့တာဝန်ပေးချက်အရ အမျိုးသား လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့လေ့လာတွေ့ရှိချက်နှင့် အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပေးပို့တဲ့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ကို ပဉ္စမအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၈-၈-၂၀၁၉ ရက်နေ့မှာ စတင် တင်သွင်းခဲ့ရာ ၁၁-၉-၂၀၁၉ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များနှင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော်ရဲ့ ၁၁-၉-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၉-၄၈၀ ဖြင့်ပေးပို့လာပါတယ်။

၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြင်ဆင်ရေးဆွဲရခြင်းရဲ့ရည်ရွယ်ချက်များကတော့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းရဲ့အစီရင်ခံစာပါ ရည်ရွယ်ချက်များနှင့်အတူတူပဲဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဖတ်ကြားတင်ပြခြင်းမပြုတော့ပါဘူး ခင်ဗျား။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၂၉-၁၀-၂၀၁၉ ရက်(အင်္ဂါနေ့)နှင့် ၁၄-၁၁-၂၀၁၉ ရက်(ကြာသပတေးနေ့)တို့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ နိုင်ငံသားများရဲ့မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နဲ့ ပြင်ဆင်ရန်တင်ပြချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီးတော့ နည်းဥပဒေ ၆၃ နှင့်အညီ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးပဲကျေးဇူးတင်ပါတယ်ခင်ဗျား။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ဝ၅/ ပ သ -ဥပဒေကြမ်း/ ၂ ဝ ၁ ၉ -

ရက် စွဲ ၊ ၂ ဝ ၁ ၉ ခုနှစ်၊ နို ဝင် ဘာ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၁၁-၉-၂ဝ၁၉ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/၂ဝ၁၉ - ၄၇၉

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပေးပို့သော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၈-၈-၂ဝ၁၉ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၁-၉-၂ဝ၁၉ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါ စာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်–

(က) လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပရာတွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေနှင့်အညီ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်နိုင်ရန်၊

(ခ) တည်ဆဲပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ပါ ပြဋ္ဌာန်းချက်အရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး လစ်လပ်တိုင်း ခြောက်လအတွင်း အစားထိုး ရွေးကောက်တင်မြှောက်ရန် လက်တွေ့သဘောအရ အခက်အခဲရှိနိုင်ခြင်းကြောင့် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လစ်လပ်သည့် နေရာပေါ်တိုင်း အကြိမ်ကြိမ် အစားထိုးရွေးကောက် တင်မြှောက်ပွဲများကို ပြုလုပ်ပေးရမည့်အခြေအနေများ ဖြစ်နေသောကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အခက်အခဲများ ဖြစ်ပေါ်နိုင်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်၍ မရနိုင်ခြင်းတို့ကြောင့် ပြင်ဆင်ရန်၊

(ဃ) တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်အရ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် အခက်အခဲရှိနေသောကြောင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများနှင့် ခွင့်ပြုဘဏ္ဍာငွေ အခြေအနေတို့အပေါ် ထည့်သွင်းစဉ်းစား၍ နောင်တွင် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး အတွက် အဆင်ပြေစေရန်။

မူကြမ်း

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၉-၁၀-၂၀၁၉ ရက်(အင်္ဂါနေ့)နှင့် ၁၄-၁၁-၂၀၁၉ ရက်(ကြာသပတေးနေ့)တို့တွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၅ ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် ဥပဒေခေါင်းစီး၊ အပိုဒ် ၁၊ အပိုဒ် ၂ {ပုဒ်မ ၁၃ ကို ပြင်ဆင်ခြင်း} နှင့် အပိုဒ် ၃ {ပုဒ်မ ၆၈ ကို ပြင်ဆင်ခြင်း}တို့ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း သဘောတူ လက်ခံပါသည်။

(ဂ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃ {ပုဒ်မ ၅၄ ကို ပြင်ဆင်ခြင်း}ကို မူလဥပဒေ ပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဃ) အပိုဒ် ၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၈၉။(က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော် ကိုယ်စားလှယ်နေရာ လစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ရမည်။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်နှင့် ပဉ္စမနှစ်တို့တွင် ကြားဖြတ် ရွေးကောက်ပွဲ ကျင်းပခြင်းမပြုရ။

၄။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၆-၁၁-၂၀၁၉ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့ လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါ တယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီကအစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း**

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၁၁-၉-၂၀၁၉ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များမှ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းအေး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်၊ ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးပို့လာတဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၈-၈-၂၀၁၉ ရက်နေ့မှာ စတင်တင်သွင်းခဲ့ပြီး ၁၁-၉-၂၀၁၉ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးတဲ့နောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော်ရဲ့ ၁၁-၉-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/၂၀၁၉-၄၈၁ ဖြင့် ပေးပို့လာပါတယ်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်

ဥပဒေကြမ်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံပြီး ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်–

(က) လွှတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပရာတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့်အညီ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်နိုင်ရန်၊

(ခ) တည်ဆဲတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ပါပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးလစ်လပ်တိုင်း ခြောက်လအတွင်းအစားထိုး ရွေးကောက် တင်မြှောက်ရန် လက်တွေ့သဘောအရ အခက်အခဲရှိနိုင်ခြင်းကြောင့် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်၊

(ဂ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လစ်လပ်သည့် နေရာပေါ်တိုင်း အကြိမ်ကြိမ်အစားထိုး ရွေးကောက်တင်မြှောက်ပွဲများကို ပြုလုပ်ပေးရမည့်အခြေအနေများဖြစ်နေသောကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် အခက်အခဲများဖြစ်ပေါ်နိုင်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်၍ မရနိုင်ခြင်းတို့ကြောင့်ပြင်ဆင်ရန်၊

(ဃ) တည်ဆဲဥပဒေပြဋ္ဌာန်းချက်အရ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် အခက်အခဲရှိနေသောကြောင့် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများနှင့် ခွင့်ပြုဘဏ္ဍာငွေအခြေအနေတို့အပေါ် ထည့်သွင်းစဉ်းစား၍

နောင်တွင်ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် အဆင်ပြေစေရန် ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၂၉-၁၀-၂၀၁၉ ရက် (အင်္ဂါနေ့)နှင့် ၁၄-၁၁-၂၀၁၉ ရက်(ကြာသပတေးနေ့)တို့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ (၁၂) ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာမှာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ လေးစားစွာဖြင့်အစီရင်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊၀၅/ပသ – ဥပဒေကြမ်း/ ၂၀၁၉–

ရက် စွဲ ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၁၁–၉–၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ–၁) ၁/၂၀၁၉ – ၄၈၁

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးပို့သော တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၈–၈–၂၀၁၉ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၁–၉–၂၀၁၉ ရက်နေ့

အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) လွှတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပရာတွင် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့်အညီ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်နိုင်ရန်၊

(ခ) တည်ဆဲတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ပါ ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး လစ်လပ်တိုင်း ခြောက်လအတွင်း အစားထိုး ရွေးကောက်တင်မြှောက်ရန် လက်တွေ့သဘောအရ အခက်အခဲရှိနိုင်ခြင်းကြောင့် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်၊

(ဂ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လစ်လပ်သည့်နေရာပေါ်တိုင်း အကြိမ်ကြိမ်အစားထိုးရွေးကောက်တင်မြှောက်ပွဲများကို ပြုလုပ်ပေးရမည့် အခြေအနေများဖြစ်နေသောကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အခက်အခဲများဖြစ်ပေါ်နိုင်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်၍ မရနိုင်ခြင်းတို့ကြောင့် ပြင်ဆင်ရန်၊

(ဃ) တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်အရ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် အခက်အခဲရှိနေသောကြောင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများနှင့် ခွင့်ပြုဘဏ္ဍာငွေ အခြေအနေတို့အပေါ် ထည့်သွင်းစဉ်းစား၍ နောင်တွင် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး အတွက် အဆင်ပြေစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၉-၁၀-၂၀၁၉ ရက် အင်္ဂါနေ့နှင့် ၁၄-၁၁-၂၀၁၉ ရက် ကြာသပတေးနေ့တို့တွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ နိုင်ငံသား များ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသား လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဥ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၅ ပိုဒ် ပါရှိပါသည်။

( ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် ဥပဒေခေါင်းစီး၊ အပိုဒ် ၁၊ အပိုဒ် ၂ {ပုဒ်မ ၁၃ ကို ပြင်ဆင်ခြင်း} နှင့် အပိုဒ် ၃ {ပုဒ်မ ၆၈ ကို ပြင်ဆင်ခြင်း}ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း သဘောတူလက်ခံ ပါသည်။

( ဂ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃ {ပုဒ်မ ၅၄ ကို ပြင်ဆင်ခြင်း}ကို မူလဥပဒေ ပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဃ) အပိုဒ် ၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၈၉။(က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ရမည်။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်နှင့် ပဉ္စမနှစ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်းမပြုရ။

၄။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၂၆-၁၁-၂၀၁၉ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအစည်းအဝေးအပြီးမှာ ယခုပြောင်းလဲသုံးစွဲမည့် e-Voting System ကို ၁၄-၁၁-၂၀၁၉ ရက်နေ့မှာတစ်ကြိမ်ရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်များက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာကုမ္ပဏီမှ ကျွမ်းကျင်သူများနှင့်အတူ အခမ်းအနားမှူးက ဦးဆောင်ပြီးရှင်းလင်းဖြေကြားသွားမှာဖြစ်တဲ့အတွက် ပူးပေါင်းပါဝင်ကြဖို့ ကြိုတင်အသိပေးတင်ပြအပ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁:၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို **၁၁:၄၅** နာရီအချိန်တွင်ရပ်နားပါသည်။]

မှူးကြမ်း

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့

(၂၂.၁၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Dr Ye Myint Swe    Daw Mi Kon Chan




Dr Ye Myint Swe    Daw Yin Min Hlaing




Dr Ye Myint Swe    U Khin Cho




Dr Ye Myint Swe    U Phone Myint Aung




Dr Ye Myint Swe    U Thant Zin Tun




Dr Ye Myint Swe    U Tun Tun Naing

pyithu.hluttaw.mm



Dr Ye Myint Swe



Dr Tun Linn Maw

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်